မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၉၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်　　၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ သောကြာနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

လူသားစွမ်းရည်ပြည့်ဝသည့် လူမျိုးဖြစ်အောင် လူငယ်လူရွယ်များအား လေ့ကျင့်ပျိုးထောင်တည်ဆောက်ပေး

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး လက်ဆင့်ကမ်းတာဝန်ယူ

နေပြည်တော်　　ဇန်နဝါရီ　　၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ခင် လေးစားအပ်ပါသော မြန်မာနိုင်ငံသား တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား-

ယနေ့ အခါသမယသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသော (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယဖြစ်ပါသည်။ဤနေ့ထူးနေ့မြတ်အခါသမယတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်း ကောင်းကျိုးမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံကြပါစေဟု ချစ်ကြည်ရင်းနှီးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူ အပေါင်းတို့သည် ရှေးအစဉ်အဆက်ကတည်းက ကိုယ့်ထီးကိုယ့်နန်းဖြင့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်ခဲ့ပါသည်။ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားလိုက်နာကာ အချင်းချင်းရိုင်းပင်းကူညီပြီး ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့သူများ ဖြစ်ပါသည်။ သို့သော် ၁၉ ရာစုနှောင်းပိုင်းတွင် ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်နယ်ချဲ့မှုကြောင့် မြန်မာ့ရေမြေနှင့် အချုပ်အခြာအာဏာသည် ဆုံးရှုံးခဲ့ရပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအသီးသီးတို့က မိမိတို့ဒေသအလိုက် ရရာလက်နက်များဆွဲကိုင်၍ နယ်ချဲ့တို့ကို တွန်းလှန်ခဲ့ကြသော်လည်း အင်အားချင်းမမျှ၍ သူ့ကျွန်ဘဝရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံသား တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား-

နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မြန်မာ့မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို နည်းအမျိုးမျိုးဖြင့် သိမ်းပိုက်ခဲ့ကြပါသည်။ မြန်မာလူမျိုးတို့၏ ဘာသာတရား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုယ်ပိုင်စာပေနှင့် ဘာသာစကားများကို ပျက်ပြားအောင် စနစ်တကျစီမံလုပ်ဆောင်ခဲ့ပါသည်။ ထို့ပြင် တိုင်းရင်းသားအချင်းချင်း သွေးစည်းချစ်ခင်ညီညွတ်မှုပျက်ပြားအောင် တောင်ပေါ်နှင့်မြေပြန့်ဟူ၍ ခွဲခြားအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားအချင်းချင်း သံသယဖြစ်အောင် ဖန်တီးခဲ့ပါသည်။ ကျွန်သက်ရှည်စေရန်အတွက် ကျွန်ပညာရေးစနစ်ကိုလည်း ဖန်တီးခဲ့သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ခေတ်ပညာတတ် မျိုးချစ်လူငယ်များသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နယ်ချဲ့ကို တွန်းလှန်ခဲ့ကြပါသည်။

ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်နိုင်ခဲ့သော်လည်း ဖက်ဆစ်ဂျပန်တို့၏ နှိပ်စက်ညှဉ်းပန်းမှုကို ပြည်သူတို့ ခါးစည်းခံခဲ့ရပြန်သည်။ ထိုအခါ တပ်မတော်နှင့် ပြည်သူသည် ဖက်ဆစ်တို့ကို မြန်မာ့မြေမှ မောင်းထုတ်ခဲ့ရပါသည်။ ဖက်ဆစ်တို့ကို မြန်မာ့မြေမှ မောင်းထုတ်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ နယ်ချဲ့အစိုးရ ပြန်လည်ဝင်ရောက်လာသောအခါတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများသည် မြန်မာ့လွတ်လပ်ရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ကြရပါသည်။ လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူအားလုံးအပြည့်အဝရရှိခံစားနိုင်ရေးအတွက် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်အလံကို လွှင့်တင်စဉ်။　(သတင်းစဉ်)

ယ နေ့ မာ တိ ကာ

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ရင်း လွတ်လပ်ရေးကိုလည်း အသိသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။

ခေါင်းကြီး　　*(စာ-၂)*

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မမေ့အပ်သော မြန်မာတို့၏နေ့

ယနေ့သည်ကား မြန်မာတစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့သည့် နေ့ပင်ဖြစ်၏။ တစ်နည်းဆိုသော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၅)နှစ်ပြည့်မြောက်သည့် လွတ်လပ်ရေးနေ့ အခါသမယပင်ဖြစ်သည်။ ဤနေ့ ဤအချိန်ခါသည်ကား မြန်မာပြည်သူ ပြည်သားများ၏ မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံလှသည့် နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်ပါသည်။ ကိုလိုနီအလံကို ဖြုတ်ချပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အလံတော်ကို ငွားငွားစွင့်စွင့်ကြွားကြွား ဝင့်ဝင့်လွှင့်ထူနိုင်ခဲ့ကြသည့် ထူးခြားလေးမြတ်သော နေ့ကြီးပင်ဖြစ်ပါသည်။

ဤနေ့သည်ကား မြန်မာလူမျိုးတို့အတွက် မမေ့အပ်သော နေ့ပင်ဖြစ်သည်။ အဘယ်ကြောင့်ဟူမူ လွတ်လပ်ရေးကိုမြန်မာတစ်မျိုးသားလုံး၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ခက်ခက်ခဲခဲ ပြန်လည်ရယူခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။ လွတ်လပ်ရေးဆိုသည်မှာ ခက်ခဲနက်နဲစွာရယူကြရပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းမရှိလျှင် လွယ်ကူစွာပင် ဆုံးရှုံးတတ်သည့် သဘောရှိပါသည်။ ထို့ကြောင့်လည်း မြန်မာ့လွတ်လပ်ရေးကြီး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် အသိပေးနှိုးဆော်သောအားဖြင့် နှစ်စဉ်နှစ်တိုင်း ဤနေ့ဤအချိန်ခါတွင် လွတ်လပ်ရေးအောင်ပွဲနေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေခြင်း ဖြစ်ပါသည်။ မြန်မာပြည်သူ ပြည်သားများ၏ စိတ်နှလုံးတွင် မြန်မာ့လွတ်လပ်ရေးကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန် ဤမြေ ဤရေတွင် ဥမကွဲသိုက်မပျက် ရာသက်ပန်အတူတကွ လက်တွဲနေထိုင်သွားကြမည်ဟူသော သန္နိဋ္ဌာန်အပေါ် စွဲမြဲယုံကြည်ထားအပ်ပါသည်။ မိမိတို့တစ်မျိုးသားလုံးသည် ရှေးရှေးကလည်း အတူတကွ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် နေထိုင်လာခဲ့ကြသည်။ ယခုလည်း နေထိုင်လျက်ရှိသည်။ နောင်ကမ္ဘာတည်သရွေ့ ဤအတိုင်းပင် နေထိုင်သွားကြဦးမည်သာဖြစ်ပေသည်။

ယနေ့ ကျွန်ုပ်တို့နိုင်ငံတော်ကြီးသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်သည်။ ဒီမိုကရေစီစံနှုန်း၊ ဒီမိုကရေစီကျင့်စဉ်၊ ဒီမိုကရေစီသဘောတရားများနှင့်အညီ နိုင်ငံတော်ကြီးတွင် ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နေချိန်လည်းဖြစ်သည်။ တစ်ဖက်က လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်အတွင်း ပြည်သူများ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက စီမံကိန်းများရေးဆွဲဖော်ဆောင်လျက်ရှိပါသည်။ ထိုစီမံကိန်းများပေါက်မြောက်အောင် ဆောင်ရွက်နိုင်ရေး အားလုံးက မိမိတို့ကျရာကဏ္ဍအသီးသီးတွင် ကိုယ်စီကိုယ်င လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူတို့မျှော်မှန်းထားသည့် ဒီမိုကရေစီပန်းတိုင်သို့ အမြန်ဆုံး ရောက်ရှိမည်ဖြစ်သည်။ ဤသို့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ရင်း လွတ်လပ်ရေးကိုလည်း အသိသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။ လွတ်လပ်ရေးနေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် မမေ့အပ်သောနေ့ဖြစ်ပေသည်။ ။

ပြည်တွင်းသတင်း

ရောဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

နေပြည်တော် ဇန်နဝါရီ ၃

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၁ ရက် နံနက် ၁၀ နာရီက ရောဝတီတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး တို့တက်ရောက်ကြသည်။ အစည်းအဝေးတွင် မေးခွန်းခြောက်ခုကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ရောဝတီတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း ပြင်ဆင်ဖြည့်စွက်ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်နှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းရန် ရက်သတ်မှတ် ကြေညာခြင်း၊ အစည်းအဝေးပထမနေ့တွင် တင်သွင်းခဲ့သည့် အဆိုနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးရန်ရက်သတ်မှတ် ကြေညာခြင်း၊ အဆိုသစ်သုံးခုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်နှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းရန် ရက်သတ်မှတ်ကြေညာခြင်း၊ အစီရင်ခံစာနှစ်ခုကို ဆွေးနွေးရန် ရက်သတ်မှတ် ကြေညာခြင်းတို့ ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

တောင်ကြီးမြို့တွင်းလမ်းများ ယာဉ်ကြောပိတ်ဆို့မှု ကင်းဝေးစေချင်

ထင်သာမြင်သာပြုပြင်စရာ

တောင်ကြီး ဇန်နဝါရီ ၃

တောင်ကြီးမြို့သည် ခရိုင်မြို့ကြီးဖြစ်ပြီး မြို့ပြအဆောက်အအုံတို့သည်လည်း တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာသည်။ နယ်မြို့များတွင် တရားမဝင်လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များကို အခွန်စည်းကြပ်၍ တရားဝင်လိုင်စင်များထုတ်ပေးခဲ့ခြင်းကြောင့် ကျေးလက်နှင့် နယ်မြို့နေပြည်သူများ လမ်းခရီးဆက်သွယ်ရေး အဆင်ချောစွာ သွားလာနိုင်ခဲ့သည်။

ထို့အတူ မော်တော်ကားစီးရေနှင့် မော်တော်ဆိုင်ကယ် စီးရေများလည်း တိုးတက်များပြားလာ၍ တောင်ကြီးမြို့တွင်း လမ်းမကြီးများဖြစ်သော ကုန်သည်ကြီးလမ်း၊ ဈေးလမ်း၊ ၆ လမ်း၊ ၁ လမ်း၊ ကန်လမ်းစသည့်လမ်းများတွင် နေ့စဉ်နေ့တိုင်း ယာဉ်ကြောပိတ်ဆို့မှုများနှင့် ကြုံတွေ့နေရကြောင်း မြို့တွင်းနေထိုင်သူများပြောကြားချက်အရ သိရသည်။

ယင်းသို့ဖြစ်ပွားရခြင်းမှာ စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်း၊ ဈေးဆိုင်များက လမ်းဧရိယာဘက်သို့ တိုးချဲ့နေရာယူကာ ပစ္စည်းများခင်းကျင်းရောင်းချခြင်း၊ နံနက် ၅ နာရီမှ ညနေ ၆ နာရီအထိ သုံးတန်အထက်မော်တော်ယာဉ်များ မဝင်ရဟု ထုတ်ပြန်ထားသောစည်းကမ်းကို ယာဉ်မောင်းသူများ လိုက်နာမှု အားနည်းခြင်း၊ မော်တော်ယာဉ် လိုင်းပေါင်းစုံဂိတ်ကြီး (ဖိုးတာတီး)၌သာ ခရီးသည်နှင့် ကုန်စည်များ အတင်အချပြုလုပ်ရမည်ဟု သတ်မှတ်ထားသော်လည်း ခရီးသည်တင် အမြန်ယာဉ်များနှင့် ကုန်တင်ယာဉ်လိုင်းများက မြို့တွင်း၌သာ ဗဟိုပြု၍ ဂိတ်ထိုးကာ ခရီးသည်နှင့် ကုန်စည်အတင်အချပြုလုပ်နေခြင်းတို့သည် လမ်းပိတ်ဆို့ရသည့် အကြောင်းအရင်းများဖြစ်သည်ဟု မြို့ခံများက တညီတညွတ်တည်းဆိုကြသည်။

"လမ်းပိတ်ဆို့နေတာကတော့ ခံစားနေရတာကြာပါပြီ။ ယာဉ်တွေများလာတော့ လမ်းက ကျဉ်းသလိုဖြစ်သွားတာပေါ့။လမ်းဘေးဈေးရောင်းသူတွေက လမ်းနှစ်ဖက်မှာ ပစ္စည်းတွေကို လမ်းပေါ်တင်ရောင်းတော့ လမ်းကပိုကျဉ်းသွားတာပေါ့။ ယာဉ်ကြီးတစ်စီးဝင်လာပြီဆိုတာနဲ့ လမ်းပိတ်သွားတော့တာပဲ။ သက်ဆိုင်ရာက ခဏခဏ အရေးယူနေတာပဲ။ ယာဉ်အသုံးပြုသူတွေ၊ လမ်းဘေး ဈေးဆိုင်ခန်းတွေက လမ်းပေါ် ပစ္စည်းတင်မရောင်းဘဲ ဆိုင်ရှေ့လာတဲ့ ယာဉ်တွေကို စနစ်တကျစီပြီး ပြည်သူတွေ ပူးပေါင်းပါဝင်ရင် ဒီကိစ္စက အဆင်ပြေမှာပါ"ဟု ကန်လမ်းနေသူ ကိုသက်မင်းခိုင်က ပြောကြားသည်။

ထို့ကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ကင်းဝေးပြီး စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် ခရိုင်မြို့ကြီးဖြစ်သည့် တောင်ကြီးမြို့ လမ်းမများတွင် ယာဉ်ကြောပိတ်ဆို့မှုကို လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးသင့်ပါကြောင်း ထင်သာမြင်သာပြုပြင်စရာ ကဏ္ဍမှ ရေးသားဖော်ပြလိုက်ရပါသည်။ (၁၂၃)

ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းစတင်

ရန်ကုန် ဇန်နဝါရီ ၃

လှိုင်မြစ်ကူး ဘုရင့်နောင်တံတား အမှတ်(၂)တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်းသတင်းများတွင် ဖတ်ရှုရပြီး ယင်းတံတားနှင့်ပတ်သက်၍ အများပြည်သူများသိလိုသည့် အကြောင်းအရာများရှိနေကြရာ သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ပေးစေလိုသည်ဟု ဘုရင့်နောင်လမ်းဆုံနှင့်ပတ်သက်သူ အများစုက ဆိုပါသည်။

လက်ရှိတံတားအမှတ်(၁)အဟောင်းသည် ၂၀၀၀ ခုနှစ်မတိုင်မီ ဖွင့်လှစ်ခဲ့ပြီး ကုန်တင်ယာဉ်များ သွားလာခဲ့သော်လည်း အောင်ဇေယျကြိုးတံတား ဖွင့်ချိန်မှစ၍ ယာဉ်၊ ကုန် သုံးတန်အထိသာသွားလာခွင့်ပြုကြောင်း၊ ယခု ၂၀၁၀ ဝန်းကျင်မှစ၍ ယာဉ်ပိတ်ဆို့မှုကြောင့် နာရေးယာဉ်တန်းများကိုပါ သွားလာခွင့် မပြုခဲ့ကြောင်း သိရသည်။

မျှော်လင့်

ကုန်တင်ယာဉ်များအနေဖြင့် အောင်ဇေယျကြိုးတံတားကို စုပြုံအသုံးပြု၍ ပေါက်တောဝလမ်းဆုံတွင်လည်း ယာဉ်ပိတ်ဆို့မှု မကြာခဏဖြစ်နေရာ ယခု တည်ဆောက်မည့် လှိုင်မြစ်ကူးဘုရင့်နောင်တံတားအမှတ်(၂)သည် ကုန်တင်ယာဉ်များ သွားလာနိုင်သည့်တံတားမျိုးဖြစ်ရန် ကုန်တင်ယာဉ်သမားများက မျှော်လင့်နေကြသည်ဟုသိရသည်။

လွယ်ကူချောမွေ့

သို့ဖြစ်ရာ လှိုင်မြစ်ကူးဘုရင့်နောင်တံတားအမှတ်(၂)၏ တံတားအမျိုးအစား၊ ခံနိုင်ရည်ဝန်အားတို့ကို သတင်းထုတ်ပြန်ပေးစေလိုကြောင်း၊ ယခင်ကာလက အချိန်လု တည်ဆောက်ရသည်ဆိုကာ လမ်း၊ တံတားများ စံချိန်မမီရခြင်းမျိုး ပွင့်လင်းမြင်သာသော ယနေ့ကာလတွင် မရှိသင့်ကြောင်း၊ မိမိတည်ဆောက်သည့် လုပ်ငန်း၏ အရည်အသွေး ခံနိုင်ရည်ကို တာဝန်ယူနိုင်ရန်လိုသည်ဟု ပြည်သူများက ဘုရင့်နောင်တံတား အဟောင်းဖြစ်ရပ်အပေါ် ညွှန်ပြပြောဆိုနေပါသည်။ လမ်း၊ တံတားများ တည်ဆောက်ရာ၌ ယနေ့ကာလတွင် အသုံးပြုခများကောက်ခံသကဲ့သို့ စံချိန်စံညွှန်းမီစွာ တာဝန်ယူသည့်စိတ်ဓာတ်ဖြင့် လုပ်ဆောင်ရန် အထူးလိုအပ်နေရာ သမ္မတကြီးလမ်းညွှန်ချက်တွင် ပါရှိသကဲ့သို့ စိတ်ဓာတ်၊ လုပ်ရပ်များပြုပြင်ရန် အချိန်ကျရောက်နေပြီ ဖြစ်ကြောင်း၊ ယင်းသို့ ပြုပြင်မှုနှင့်အတူ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့လာနိုင်မည် ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်သူများက ဆိုနေကြသည်။

(ခင်ဆိုင်)

စာပေမြင့်မှ လူမျိုးတင့်မည်

ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၇၄/၂၀၁၂)ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၇၄/၂၀၁၂) ဗလတပ်ခွဲသင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုလေ့ကျင့်ရေးကျောင်း ဗဟိုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား ဒုတိယရဲအုပ်လောင်း ၃၀၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်နှစ်ဖြစ်သည်။

(သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင် တစ်ခုလှုပ်

နေပြည်တော် ဇန်နဝါရီ ၃

ဇန်နဝါရီ ၂ ရက် မြန်မာစံတော်ချိန် ည ၈နာရီ ၁၀မိနစ် ၄၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ရှစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

နိုင်ငံ့ခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားပြည်သူအပေါင်းတို့၏ ကာယ၊ ဉာဏ စုပေါင်းအားအပြင် အသက်၊ သွေး၊ ချွေးတို့ကိုရင်း၍ ဆောင်ရွက်ခဲ့ကြသည့်အတွက် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ယခု ၂၀၁၃ ခုနှစ်ဆိုလျှင် (၆၅)နှစ်တိုင်တိုင် ရှိခဲ့ပါပြီ။ မြန်မာ့လွတ်လပ်ရေးသည် တိုင်းရင်းသားညီအစ်ကိုအပေါင်းနှင့် ဘိုးဘွားတို့၏ အသက်ပေါင်းများစွာဖြင့် လဲလှယ်ခဲ့ရပါသည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးကြီး သားစဉ်မြေးဆက် ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်မှာ ယနေ့နှင့် အနာဂတ်တိုင်းရင်းသားပြည်သူများ၏ တာဝန်ဖြစ်ပေသည်။

လွတ်လပ်ရေးသည် တိုင်းပြည်တစ်ပြည်၏ အသည်းနှလုံးပင်ဖြစ်ပါသည်။ လွတ်လပ်သောတိုင်းပြည်ဖြစ်မှသာ အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော လူမှုအသိုက်အဝန်းတစ်ရပ်ကို ကိုယ်တိုင်ထူထောင်နိုင်ပါမည်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်နှင့် ကမ္ဘာ့အလယ်၌ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးတို့အတွက် လွတ်လပ်ရေးအရှည်တည်တံ့ရန် အရေးကြီးပေသည်။ ထိုလွတ်လပ်ရေးအဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ပြည်သူအားလုံးက တာဝန်သိစွာဖြင့် ဝိုင်းဝန်း၍ ကာကွယ်စောင့်ရှောက်ကြရန် လိုအပ်ပါသည်။ မြန်မာ့လွတ်လပ်ရေး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးကို ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရပါမည်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-

လွတ်လပ်ရေးရရှိပြီးနောက် တိုင်းပြည်ကို ပြန်လည်ထူထောင်ကြရာတွင် ခေါင်းဆောင်အချင်းချင်း မညီညွတ်မှု၊ ပြည်သူများစည်းလုံးညီညွတ်ရေး အားနည်းမှု၊ လက်နက်ကိုင်ပဋိပက္ခမှုများကြောင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဆင့်သို့ ရောက်ရှိမလာဘဲ အိမ်နီးချင်းနိုင်ငံအချို့၏ နောက်သို့ပင် ကျန်ရစ်ခဲ့ရပါသည်။

သမိုင်း၏ သင်ခန်းစာများအရ ယနေ့သန်း ၆၀သော မြန်မာပြည်သူများ၏ တူညီသောဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများ၏စည်းလုံးညီညွတ်ရေးနှင့် တရားဥပဒေလေးစားလိုက်နာရေးတို့သည် အရေးကြီးသကဲ့သို့ လက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ရာသက်ပန် ပူးပေါင်းနေထိုင်လိုသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးသည်လည်း လွန်စွာမှ အရေးကြီးပါသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုနှင့်တစ်ခု ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အမှီသဟဲပြုလျက်ရှိပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တည်ဆောက်နိုင်ကြမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသားအားလုံးသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ကိုယ်စီကိုယ်စီ တာဝန်ရှိကြသည်ဟူသော အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-

မိမိတို့ မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းပြီး သဘာဝသယံဇာတလည်း ပေါများသည့်နိုင်ငံ ဖြစ်ပါသည်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝသယံဇာတထက်ပို၍ အရေးကြီးသည်မှာ လူသားစွမ်းရည်ဖြစ်ပါသည်။ လူသားစွမ်းရည်ပြည့်ဝသည့် လူမျိုးဖြစ်အောင် လူငယ်လူရွယ်များအား လေ့ကျင့်ပျိုးထောင် တည်ဆောက်ပေးကြရပါမည်။ ပညာရေးအဆင့်အတန်းမြင့်မားအောင် ဝိုင်းဝန်း၍ မြှင့်တင်ပေးရပါမည်။ ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ထက်သန်သည့် မျိုးဆက်သစ်လူငယ်များသည်သာ အနာဂတ်မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဖန်တီးနိုင်ပြီး မိမိတို့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လက်ဆင့်ကမ်း တာဝန်ယူသွားနိုင်ကြမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

သံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းအား ပီရူးသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး သီရိပျံချီဦးထွန်းနေလင်းအား ၎င်း၏လက်ရှိတာဝန် ဝတ္တရားများအပြင် ပီရူးသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ တာရိုအာဆိုအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာဆို ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးစိုးသာ၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ဦးလွန်းသီနှင့်ဦးလှမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမြင်ချင်းဖလှယ်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာဆိုအား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ချုံကျိုးမြို့တော်ဝန်နှင့်အဖွဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးထွန်းအောင်တို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ် ချုံကျိုးမြို့တော်ဝန် Mr. Huang Ke ဦးဆောင်သော အဖွဲ့တို့သည် ဒီဇင်ဘာ ၂၈ ရက်က ကုန်သည်/စက်မှု အသင်းချုပ်ရုံး၌တွေ့ဆုံပြီး တရုတ်နိုင်ငံ ချုံကျိုးမြို့၏ အဓိကစီးပွားရေးလုပ်ငန်းများဖြစ်သော သကြားစက်ရုံလုပ်ငန်း၊ သတ္တုတွင်းတူးဖော်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းနှင့် စပ်လျဉ်းသည့်လုပ်ငန်းများကို မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများ၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း ကွမ်ရှီးပြည်နယ် နန်နင်းမြို့၌ကျင်းပမည့်China- ASEAN Expoသို့ လာရောက်ပြသနိုင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ ကျင်းပ

အရာတော် ဇန်နဝါရီ ၃

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂ ရက်မှစ၍အရာတော်မြို့တွင် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပလျက်ရှိရာ အားပေးသူ ပြည်သူများ အထူးများပြားလျက်ရှိကြောင်း သိရှိရသည်။ **(နေနိုင်)**

နှစ်သစ်မင်္ဂလာဆုတောင်း

တစ်နှစ်ပတ်လုံးအားပေးကြသော ခရီးသွား ရဟန်းရှင်၊ လူ၊ ပြည်သူအပေါင်းအား နှစ်သစ်တွင် ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

GI-Group Express ရန်ကုန်-မန္တလေး-မူဆယ် အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

နိုင်ငံတကာသတင်း

ဖီဂျီနိုင်ငံ၌ နိုင်ငံတော်အလံသစ်ပြောင်းလဲမည်

ဆူဗာ ဇန်နဝါရီ ၃

ဖီဂျီနိုင်ငံ၌ နိုင်ငံတော်အလံကို ပုံစံအသစ်ဖြင့် လဲလှယ်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖီဂျီနိုင်ငံဝန်ကြီးချုပ်ရုံးက ဇန်နဝါရီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၃ ခုနှစ်အတွက် နှစ်သစ်ကူး မိန့်ခွန်းပြောကြားရာတွင် ဖီဂျီနိုင်ငံကို ပိုမိုလေးနက်သော အဓိပ္ပာယ်ပေါ်လွင်စေသည့် ဒီဇိုင်းဖြင့် အသစ်ပြုလုပ်မည့် နိုင်ငံတော်အလံကို စတင်အသုံး ပြုသွားမည်ဖြစ်ကြောင်း ဖီဂျီဝန်ကြီးချုပ် ဘိုင်နီမာရာမာက ထုတ်ဖော်ပြောကြားခဲ့သည်။ ဖီဂျီနိုင်ငံ၏အလံကို ပြောင်းလဲခြင်းသည် နိုင်ငံ၏ပုံရိပ်ကို ပိုမိုထင်ဟပ်စေမည့်အပြင် အနာဂတ်ခရီးအတွက်လည်း ပြည်သူများအား ပိုမိုဖော်ညွှန်းစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးမှ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ တီကိုဒွာဒွာက ပြောကြားသည်။

မိမိတို့ ဖီဂျီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး နိုင်ငံတော်အလံ ပုံစံဒီဇိုင်းကို ပြောင်းလဲခြင်းဖြစ်ကြောင်း၊ အစိုးရရုံးများ၊ ဆွေးနွေးပွဲခန်းမများ၊ နိုင်ငံတော်အဆင့် ဆွေးနွေးပွဲများ၊ ဖီဂျီလေကြောင်းခရီးစဉ်များအတွင်း ပြေးဆွဲပျံသန်းနေသော လေယာဉ်များ စသည်တို့တွင် ဖီဂျီနိုင်ငံ၏ အလံအသစ်ဖြင့် အစားထိုး အသုံးပြုသွားမည်ဖြစ်သည်။ ဖီဂျီနိုင်ငံတွင် လောလောဆယ် အသုံးပြုနေသောအလံကို နိုင်ငံတစ်ဝန်း၌ ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ **(ဆင်ဟွာ)**

ဆယ်ကျော်သက် ပိုင်းလော့နှင့်သူငယ်ချင်းနှစ်ဦး လေယာဉ်ပျက်ကျပြီး သေဆုံး

နယူးယောက် ဇန်နဝါရီ ၃

အမေရိကန်နိုင်ငံ ဘာမင်ဂမ်မြို့အနောက်မြောက်ပိုင်း ဝေါလ်ကာကောင်တီ လေဆိပ်မှ မိုင်အနည်းငယ်ကွာဝေးသော အလာဘားမားပြည်နယ် တောအုပ်တစ်ခုတွင် အသက် ၁၇ နှစ်အရွယ်ရှိ ပိုင်းလော့တစ်ဦးနှင့် သူငယ်ချင်းနှစ်ဦးတို့ ဇန်နဝါရီ ၁ ရက်က လေယာဉ်ပျက်ကျမှုဖြစ်ပွားပြီး သေဆုံးသွားခဲ့ကြောင်းသိရသည်။

သေဆုံးသူ လေယာဉ်ပိုင်းလော့ ဂျော်ဒန်စမစ်၏ မိခင်ဖြစ်သူ ရှာရီစမစ်က သူမ၏သားသည် ခွင့်ပြုချက်မရှိဘဲ လေယာဉ်မောင်းနှင်ခဲ့သည်ဟူသော အာဏာပိုင်များ၏ စွပ်စွဲမှုကို ငြင်းဆန်လိုက်ပြီး သူမ၏သားသည် ပိုက်ပါပီအေ-၃၀ လေယာဉ်ကို မောင်းနှင်နိုင်စွမ်းရှိကြောင်း၊ လေယာဉ်ပိုင်ရှင်မှ သူမ၏သားအား အကြိမ်များစွာ မောင်းနှင်ခွင့်ပြုဖူးကြောင်း၊ သူမ၏သားတွင် ကိုယ်ပိုင်ယာဉ်မောင်းလိုင်စင်အတွက် စစ်ဆေးမှုကာလတို့အား အောင်မြင်ခဲ့ပြီးဖြစ်ကြောင်းပြောခဲ့သည်။ ဘာဒန်တေလာ အာရီ ၁၉ နှစ်နှင့် ဂျော်ဒန်စိန့်မောင့်ဂိုမာရီ ၁၇ နှစ်တို့သည် အဆိုပါလေယာဉ် ပျက်ကျသေဆုံးမှုထဲတွင် ပါဝင်သူများဖြစ်ကြသည်။ အဆိုပါလေယာဉ်အား လေဆိပ်ငယ်တစ်ခုမှ ည ၁၀ နာရီခွဲတွင် ၎င်းတို့သုံးဦးမောင်းနှင်ပျံသန်းသွားခြင်းဖြစ်ပြီး ယင်းအချိန်တွင် ကောင်းကင်၌ တိမ်ဖုံးပြီး သတ်မှတ်ပေအမြင့်တွင်လည်း တိမ်များစွာ ထူထပ်နေသည်ဟု လေဆိပ်မန်နေဂျာက ပြောကြားသွားခဲ့သည်။ **(အေပီ)**

သိမ်းပိုက်ထားသည့် အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းတို့အား အစ္စရေးစစ်တပ်က စစ်ရေးလေ့ကျင့်ရန်အတွက် နှင်ထုတ်

တဲလ်အဗစ် ဇန်နဝါရီ ၃

အစ္စရေးတပ်များက သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းပြည်သူ ၅၀၀ ခန့်အား ယင်းတို့၏ နေအိမ်များမှ နှင်ထုတ်ခဲ့သည်ဟု ဇန်နဝါရီ ၂ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ (အပေါ်ပုံ)

ဖော်ပြထား

ပါလက်စတိုင်း နေထိုင်သူအများအပြားတို့သည် သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသ ဂျော်ဒန်တောင်ကြားမြောက်ပိုင်း ဝါဒီအယ်လ်-မာလက်ချ်ဒေသရှိ ယင်းတို့၏ နေအိမ်များမှထွက်ခွာပေးရန် ဒီဇင်ဘာ ၃၁ ရက်က ရင်ဆိုင်နေကြရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

အစ္စရေးတို့က ယင်းဒေသသည် တရားမဝင်နေအိမ်များ ဆောက်လုပ်ထားသည်ဟု ဆိုသည်။ ယင်းဖယ်ရှားခြင်းသည်စစ်ရေးလေ့ကျင့်ရန် ယာယီဖယ်ရှားခြင်းဖြစ်သည်ဟုလည်း ဆိုသည်။ စစ်ရေးလေ့ကျင့်မည်ဖြစ်သောကြောင့် ယနေ့ပင် ပြောင်းရွှေ့ပေးကြပါဟု အစ္စရေးစစ်တပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စစ်ရေးလေ့ကျင့်မှု ပြီးဆုံးလျှင် ဒေသခံများအား ပြန်လည်နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

သို့သော်လည်း ယင်းကိစ္စအတွက် စိုးရိမ်ပူပန်နေမိကြောင်း ပါလက်စတိုင်းဒေသအုပ်ချုပ်ရေးမှူး မာဂျစ်အယ်လ်ဖီတီယာနီက ပြောကြားသည်။

အဆိုပါ ဂျော်ဒန်တောင်ကြားတွင် နေထိုင်လျက်ရှိသော ပါလက်စတိုင်း ၆၀၀၀၀ အနက် ၃၄၀၀ ခန့်မှာ ပိတ်ထားသောစစ်ဇုန်နယ်မြေအတွင်း ရှိနေပြီး နှင်ထုတ်ခံရမည့် အခြေအနေဖြင့် ရင်ဆိုင်နေကြရသည်။ **(အေအက်ဖ်ပီ)**

ကန်မောင်းသူမဲ့လေယာဉ်နှစ်စင်း အီရန်နိုင်ငံ ရရှိထားဟုဆို

ပေကျင်း ဇန်နဝါရီ ၃

အီရန်နိုင်ငံက ပြီးခဲ့သည့် ၁၇ လအတွင်း အမေရိကန်မောင်းသူမဲ့ သူလျှိုလေယာဉ်ငယ်နှစ်စင်း ရရှိထားသည်ဟု အခိုင်အမာပြောကြားကြောင်း ဆင်ဟွာသတင်းတွင် ဇန်နဝါရီ ၃ ရက်က ဖော်ပြသည်။

အီရန်တို့ရရှိထားသည့် အမေရိကန်မောင်းသူမဲ့လေယာဉ်များမှာ RQ 11 Ruven သူလျှိုလေယာဉ်ငယ်များဖြစ်ကြောင်း၊ မတော်တဆဖြစ်ပွားမှုကြောင့် ယင်းသူလျှိုလေယာဉ်များကို ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်းတွင် တစ်စင်း၊ ၂၀၁၂ ခုနှစ် နိုဝင်ဘာတွင် တစ်စင်း အီရန်နိုင်ငံက ရရှိလိုက်ခြင်းဖြစ်ကြောင်း ပရက်စ်တီဗွီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

ယင်းမောင်းသူမဲ့လေယာဉ်များ၏ လျှို့ဝှက်အချက်အလက်များစွာကို ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းပျက်ကျလေယာဉ်များကို အီရန်စစ်တပ်ကသုတေသနပြုလုပ်လျက်ရှိသည်ဟုလည်း ၎င်းကဆိုသည်။

ပြီးခဲ့သည့်နှစ်များအတွင်း အမေရိကန်မောင်းသူမဲ့လေယာဉ်များ အီရန်နိုင်ငံအတွင်း ဖြတ်သန်းဝင်ရောက်လာသည်ကို ထောက်လှမ်းသိရှိရသည်ဟု အီရန်ကဆိုသည်။ **(ဆင်ဟွာ)**

လပေါင်း ၂၂ လကြာ ဖြစ်ပွားခဲ့သည့် ဆီးရီးယားပဋိပက္ခ သေဆုံးသူပေါင်း ခြောက်သောင်းကျော်သွားပြီဟုဆို

ဒမတ်စကတ် ဇန်နဝါရီ ၃

ဆီးရီးယားနိုင်ငံအတွင်း စစ်မက်ဖြစ်ပွားရာဒေသများ တဖြည်းဖြည်းကြီးထွားလာပြီး ၂၂ လကြာ ပဋိပက္ခအတွင်း လူပေါင်း ၆၀၀၀၀ ကျော် သေဆုံးခဲ့ရသည့်အတွက် စိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားလိုက်သည်။

လက်နက်ကိုင်အုပ်စုများက ဇန်နဝါရီ ၂ ရက် အစောပိုင်းတွင် အိုင်းဒလစ်ပြည်နယ်အနောက်မြောက်ပိုင်း တက်တန်နက်စစ်ဘက်ဆိုင်ရာ လေဆိပ်တစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။ အစိုးရတပ်များက ပြန်လည်တိုက်ခိုက်စဉ် သေဆုံးသူအများအပြားရှိခဲ့သည်။ ယင်းလေဆိပ်သည် ဆီးရီးယားမြောက်ပိုင်းအတွက် အဓိကကျသောလေဆိပ်ဖြစ်သည်။

မြို့တော်ဒမတ်စကတ်တွင်လည်း လက်နက်ကိုင်အဖွဲ့က စစ်ဆေးရုံတစ်ခုကို တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။ ကုလသမဂ္ဂက ဇန်နဝါရီ ၂ ရက်တွင် ထုတ်ပြန်သောစာရင်းတွင် ဆီးရီးယားပဋိပက္ခဖြစ်စဉ်အတွင်း လူပေါင်း ၆၀၀၀၀ သေဆုံးခဲ့သည်ဟုဆိုသည်။ လန်ဒန်အခြေစိုက် ဆီးရီးယားလူအခွင့်အရေးလေ့လာသူများ၏ ထုတ်ပြန်ချက်တွင် မကြာသေးမီက တိုက်ခိုက်မှုများအတွင်း ဆီးရီးယားပြည်သူ ၄၅၀၀၀ သေဆုံးခဲ့ရသည်ဟုဆိုသည်။ ယင်းတို့တွင် အရပ်သားများ အများဆုံးဖြစ်သည်ဟုဆိုသည်။ **(ဆင်ဟွာ)**

ကိတ်တောင်းမြို့တွင် မီးလောင်မှုဖြစ်ပွား လူပေါင်း ၄၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်

ကိတ်တောင်း ဇန်နဝါရီ ၃

တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့ရှိ အခြေချနေထိုင်သည့် ရပ်ကွက်နယ်မြေတစ်ခုအတွင်း နှစ်သစ်ကူးရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးသုံးဦးသေဆုံးပြီး လူပေါင်း ၄၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အောက်ပုံ)**

ဒီဇင်ဘာ ၃၁ ရက်နှောင်းပိုင်းနှင့် ဇန်နဝါရီ ၁ ရက် အစောပိုင်းက ဖြစ်ပွားခဲ့ပြီး ဒူနွန်မြို့နှင့် ခါရီလစ်ချာဆင်းရဲသားရပ်ကွက်အများအပြားပျက်စီးခဲ့သည့် ယင်းမီးလောင်မှုကို ဒေသအာဏာပိုင်များက ငြိမ်းသတ်ခဲ့ရသည်။

အဆိုပါမီးလောင်မှုစတင်ဖြစ်ပွားရသည့်အကြောင်းအရင်းကို မသိရသေးကြောင်း၊ သို့သော်လည်း ယင်းမီးလောင်မှုသည် နှစ်သစ်ကူးပွဲတော်အတွင်း အရက်သေစာမူးယစ်သောက်စားသည့် လူများ၏ပေါ့ဆမှုကြောင့် ဖြစ်ပွားရသည်ဟု စွပ်စွဲထားကြောင်း ကိတ်တောင်းမြို့သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအရာရှိ ဝီဖရက်ဆိုလိုမွန်းစ်ဂျိုဟန်နက်စ်က ပြောကြားခဲ့သည်။ မီးကူးစက်လောင်ကျွမ်းမှုကို ကြိုတင်မတားဆီးနိုင်မှုကြောင့် နေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ကာ အနီးရှိ အဓိကလမ်းများကိုလည်း ပိတ်ထားခဲ့ရသည်ဟုဆိုသည်။ **(အေပီ)**

တင်မောင်လွင်-စုစည်းသည်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၁ / ၂၀၁၃

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒဝံသ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တသုဇာတသာရ၊ ဒဟတ္တောကျောင်းတိုက်၊ ကွမ်းခြံရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တအာဒိစ္စ၊ မဟာရင်ပရိယတ္တိစာသင်တိုက်၊ ကတိုးကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တကေသရ၊ မဟာအောင်မြေရိပ်သာကျောင်းတိုက်၊ အမှတ် ၇-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုဒဿနာဘိဝံသ၊ ဗိုလ်တောင်တောရစာသင်တိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဝိန္ဒက၊ ရွှေမန်းကျောင်း၊ ရွှေရေးဆောင်တိုက်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသုမန၊ ကိုးနဝင်းပရိယတ္တိစာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တတေဇနိယ၊ ချိုင်းနားပရိယတ္တိစာသင်တိုက်၊ အမှတ် ၂-ရပ်ကွက်၊ နွားထိုးကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တဉာဏာလင်္ကာရာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တကေသရာဘိဝံသ၊ ဓမ္မာဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တသုဇာတာဘိဝံသ၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်၊ အမှတ် ၆/၁၀ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝိသုတ၊ သီရိဝေလာပရိယတ္တိစာသင်တိုက်၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တပညာဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တစန္ဒဝရ၊ ဇေယျမေဒနီကျောင်းတိုက်၊ အမှတ် ၈-ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၂။ ဘဒ္ဒန္တဝဇီရထေရ် (Ven.Prof. Kumbur Ugamuwe, Vajira Thero) ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ ကေလနိယ၊ ကိုလံဘိုမြို့၊ သီရိလင်္ကာနိုင်ငံ

၁၃။ ဘဒ္ဒန္တဉာဏပုဏ္ဏိကထေရ်၊ ဝိဆွာရှန်တီ (ကမ္ဘာအေး)ကျောင်း၊ ကတ္တမန္ဒူမြို့၊ နီပေါနိုင်ငံ

၁၄။ ဒေါက်တာဘဒ္ဒန္တဥပသမထေရ်(Dr. Somdet Phra Phutthachin nawong, Ven. Upasamo Thero)၊ ဝိဇယဉာဏိကာရာမကျောင်းတိုက် (ဝမ်ဖိချိုင်းရာ့)၊ Prachathipok လမ်း၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ

၁၅။ ဒေါက်တာဘဒ္ဒန္တပိယာနန္ဒထေရ် (Ven.Dr. Walpola Piyananda Thero)၊ ဓမ္မဝိဇယဗုဒ္ဓဘာသာကျောင်း၊ 1847 Crenshaw Blvd, လော့စ်အိန်ဂျလိမြို့၊ အမေရိကန်နိုင်ငံ

မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒိမာ၊ သီရိမင်္ဂလာရန်အောင်ကျောင်း၊ ဆီဆုံလေးကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇောသာရ၊ မြို့မသာသနာပြုစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၂။ ဘဒ္ဒန္တသုနန္ဒ၊ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၊ စာတိုးမြို့ပြင်ကြီးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တစန္ဒသိရီ၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ အမှတ် ၇-အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏိက၊ လုံပီးသာသနရက္ခိတပရိယတ္တိစာသင်တိုက်၊ တလန်လိုရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်

၂။ ဘဒ္ဒန္တပညာဝံသ၊ နန်းဦးပရိယတ္တိစာသင်တိုက်၊ အင်ကြင်းပင်ကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တကုန္ဒဝံသ၊ မဟာလယ်တီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တစိန္တိတ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဥက္ကံသ၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ သွန်းဘုရားရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၆။ ဒေါက်တာဘဒ္ဒန္တဝိစက္ခဏာလင်္ကာရာဘိဝံသ၊ သာမဏေကျော်ပရိယတ္တိစာသင်တိုက်၊ အမှတ် ၆/၁၈-ရပ်ကွက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တအရိယဝံသ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ် ၁၀-ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တပညာသာရ၊ မြသုခကျောင်း၊ မြို့ကန်ဦးပရိယတ္တိစာသင်တိုက်၊ မြင်းဘက်ရပ်ကွက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တထုတိဝရ၊ မဟာဓမ္မိကာရာမရွှေကျင်တိုက်မကြီးကျောင်းတိုက်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၀။ ဒေါက်တာဘဒ္ဒန္တနန္ဒာစာရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တအာစိဏ္ဏ၊ မြို့လယ်ရွှေစည်းခုံပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်ကြီး-၄၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တကေသရ၊ မွန်ပရိယတ္တိစာသင်တိုက်၊ ရဲရိပ်သာရပ်ကွက်၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ဘဒ္ဒန္တသုမန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် ၇-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီလရှင်ဆရာကြီးများ

၁၄။ ဒေါ်ပညာဝတီ၊ ဓမ္မမေဒနီကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ဒေါ်ဓမ္မသိရီ၊ ဇေယျသိင်္ဂီချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိစိတ္တ၊ ဒယူးပရိယတ္တိစာသင်တိုက်၊ ဒယူးကျေးရွာ၊ ဗန်းမောက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဉာဏာလင်္ကာရ၊ ကန်သာစာသင်တိုက်၊ မြစ်ငယ်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တပုညာနန္ဒ၊ ပုညကာရီဆုတောင်းပြည့်စာသင်တိုက်၊ (၈)ရပ်ကွက်၊ ရှမ်းတန်းမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တတိက္ခဉာဏ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တဝါယမ၊ ဒီပင်္ကရာပရိယတ္တိစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တအဂ္ဂဓဇ၊ မဟာဝိသုတာရာမတိုက်သစ်၊ ဈေးမရပ်ကွက်၊ စလင်းမြို့၊ မကွေးတိုင်းဒေသကြီး

၇။ ဒေါက်တာဘဒ္ဒန္တကုမုဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တသုဒဿန၊ ဝေဠုဝန်ကျောင်းတိုက်၊ သပိတ်ကုန်းစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တကောလိယ၊ ကန်မိန်းပရိယတ္တိစာသင်တိုက်၊ အမှတ် ၁၂-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၁၀။ ဘဒ္ဒန္တမဟောသဓာလင်္ကာရာဘိဝံသ၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

သီလရှင်ဆရာကြီး

၁၁။ ဒေါ်ပညာသိင်္ဂီ၊ သမိဒ္ဓေါဒယချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုသလ၊ သီရိမင်္ဂလာမြို့မပရိယတ္တိစာသင်တိုက်၊ နန်းမားကျေးရွာ၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဥတ္တမသာရ၊ ရွှေစေတီပရိယတ္တိစာသင်တိုက်၊ ဆွမ်းချက်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တခေမိန္ဒ၊ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆူးလေကုန်းရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တစန္ဒဝံသ၊ ကောလိပ်ကုက္ကိုပရိယတ္တိစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသုဇန၊ မြို့ဦးတိုက်သစ် သံလမ်းပရိယတ္တိစာသင်တိုက်၊ အောင်ဇေယျရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်

၆။ ဘဒ္ဒန္တကဝိန္ဒ၊ မဟာဝိဇိတာရုံသာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၇။ ဘဒ္ဒန္တနာဂ၊ ဟံသာရုံကျောင်း၊ ကညင်နှစ်ပင်ကျေးရွာ၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တကောဝိဒ၊ ရွှေမဥ္ဇူကျောင်း၊ ညောင်စာရေးကျေးရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၉။ ဘဒ္ဒန္တဝိနယ၊ အောင်ဝေယံပရိယတ္တိစာသင်တိုက်၊ ပြလို့ကျေးရွာ၊ အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး

၁၀။ ဘဒ္ဒန္တဝီရိယ၊ သဒ္ဓမ္မဝံသာရုံပရိယတ္တိစာသင်တိုက်၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်မြေဗောဓိအလိုတော်ပြည့်စာသင်တိုက်၊ ဝက်ကြီးအင်းကျေးရွာ၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၂။ ဘဒ္ဒန္တပဏ္ဍိတ၊ မြို့မပရိယတ္တိကျောင်းတိုက်၊ အလယ်စုရပ်ကွက်၊ ပုဏ္ဏားကျွန်းမြို့၊ ရခိုင်ပြည်နယ်

၁၃။ ဘဒ္ဒန္တကေသရ၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ အမှတ် ၂-ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ဘဒ္ဒန္တပညာဒီပ၊ ရွှေကျောင်းပရိယတ္တိစာသင်တိုက်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်

၁၅။ ဘဒ္ဒန္တဉာဏဝံသ၊ မဟာဗောဓာရုံပရိယတ္တိစာသင်တိုက်၊ အမှတ် ၄-ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

၁၆။ ဘဒ္ဒန္တပညာဇောတ၊ မြတ်စွယ်တော်ဈေးကျောင်းပရိယတ္တိစာသင်တိုက်၊ ကျုံမငေးမြို့၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

သီလရှင်ဆရာကြီးများ

၁၇။ ဒေါ်ခေမာစာရီ၊ ဓမြို့ချောင်မော်လမြိုင်သီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ဒေါ်ဂန္ဓသာရီ၊ ပရဟိတသာသနဝေပုလ္လကာရီသီလရှင်စာသင်တိုက်၊ စက်မှုဇုန်ကွက်သစ်၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး

၁၉။ ဒေါက်တာဒေါ်ဓမ္မဝိဇယ၊ Kimdol ကျောင်း၊ Swayumbu ရပ်ကွက်၊ ကတ္တမန္ဒူမြို့၊ နီပေါနိုင်ငံ

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအရိန္ဒမ၊ ဇေယျဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်၊ ထားဝယ်မြို့၊ တနင်္သာရီ တိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဉာဏ၊ စည်သာကျောင်း၊ မိုးထိကျောင်းတိုက်၊ ဥပုသ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တဝါယမ၊ ရွှေဘုန်းပွင့်ကျောင်းတိုက်၊ ရွှေဘုံသာတိုက်ကျောင်း၊ ဦးရွှေဂွန်းလမ်း၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ဘဒ္ဒန္တရေဝတ၊ ထေရဝါဒတောင်တန်းသာသနာပြုဗဟိုကျောင်း၊ အနော်ရထာလမ်း၊ ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်

၅။ ဘဒ္ဒန္တဉာဏဒီပ၊ သိုက်ကုန်းကျောင်းစာသင်တိုက်၊ သိုက်ကုန်းကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောသလ္လ၊ အမှတ်(၄)ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ညောင်ဇင်ကျောင်းသစ်ကျောင်းတိုက်၊ ညောင်ဇင်စံပြကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

၂။ ဘဒ္ဒန္တဓမ္မပိယ၊ စိတ္တသုခကျောင်းတိုက်၊ စိန်ကန့်လန့်ရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

၃။ ဘဒ္ဒန္တသုန္ဒရ၊ မဟာသန္တိသုခသဒ္ဓမ္မဝံသကျောင်းတိုက်၊ ညွန့်ပင်ကျေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၄။ ဘဒ္ဒန္တခေမာစာရ၊ အတုလမဟာမြကျောက်စေတီကျောင်းတိုက်၊ ရန်ကင်းတောင်ခြေ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တပညာသာမိ၊ ကုမာရာရာမတိုက်နှင့် ရေနံ့သာတောရပရိယတ္တိစာသင်တိုက်၊ ပုပ္ပားတောင်ကလပ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တတေဇောသာရာဘိဝံသ၊ ဓမ္မဂါရဝကျောင်း၊ ညောင်သုံးပင်ပရိယတ္တိစာသင်တိုက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၇။ ဘဒ္ဒန္တဓမ္မာနန္ဒ၊စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ဘဒ္ဒန္တဇနက၊ နေနတ်သားစာသင်တိုက်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ဘဒ္ဒန္တသောဘိတ၊ မြသိန်းတန်သာသနာပြုပရိယတ္တိစာသင်တိုက်နှင့် ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပန်မြို့၊ ရှမ်းပြည်နယ်

၁၀။ ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ၊ မိုးကောင်းကျောင်းတိုက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၁။ ဘဒ္ဒန္တဝရသေနာပတိ၊ သာသနောဒယဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကဿဝင်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၂။ ဘဒ္ဒန္တဉာဏုတ္တရ၊ ထေရဝါဒဓမ္မစာရီမြန်မာကျောင်းတိုက်၊ ဂျော့ရှင်းအန်းဝိပဿနာတရားရိပ်သာ၊ ဂျပန်နိုင်ငံ

၁၃။ Rev. Ming Sheng (ဆရာတော် မင်ရှန့်)၊ Guangxiao Temple of Guangzhou and the Putuo Monastery of Zhuhai၊ ဂေါင်ဒေါင်းပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၁၄။ Ven. Maha Masenay (ဘဒ္ဒန္တမဟာမာဆေနေ)၊ Sisaket Temple, Chanthabouly District, Vientian Capital, Lao PDR

၁၅။ Ven. Jinadhammo Mahathera (ဘဒ္ဒန္တဇိနဓမ္မောမဟာထေရ်)၊ Borobudu Temple၊ မီဒါန်မြို့ ဆူမားတြားကျွန်းမြောက်ပိုင်း၊ အင်ဒိုနီးရှားနိုင်ငံ

၁၆။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ အောင်ချမ်းသာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ 2252 Del Mar Ave, Rosemead, CA 91770၊ အမေရိကန်ပြည်ထောင်စု

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနာရဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ မြို့မမြောက်ရပ်ကွက်၊ ဟိုပင်မြို့၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဝါရိန္ဒ၊ ဥတ္တရာရုံအေးသုခကျောင်း၊ အမှတ် (၄) ရပ်ကွက်၊ ဖာပွန်မြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တဇောတိက၊ တောင်တန်းသာသနာပြုဗဟိုကျောင်း၊ အမှတ် (၄) ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တရောဟဏ၊ ရွှေကျောင်းကြီးတိုက်၊ တောင်ပိုင်းရပ်ကွက်၊ ပုလဲမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ဘဒ္ဒန္တသုဇာတ၊ သံသရာအေးပရဟိတဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

၆။ ဘဒ္ဒန္တကုန္ဒာဝုဓ၊ မဟာလယ်တီစံကျောင်းပရိယတ္တိစာသင်တိုက်၊ ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်

၇။ ဘဒ္ဒန္တဇနိန္ဒ၊ နိဗ္ဗိန္ဒဝံသစကြာ်န်တောင် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး

၈။ ဘဒ္ဒန္တကုန္ဒက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အလယ်ကယန်းအထူးဒေသ (၃)၊ ဆီဘူးကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၉။ ဘဒ္ဒန္တပဏ္ဍိတ၊ မဟာမုနိဗဟိုသာသနာပြုကျောင်းတိုက်၊ လောက်ကိုင်မြို့နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၀။ Ven. SAO Chanthol Chantanatthero (ဘဒ္ဒန္တဆေရိုချန်သို ချန်တနတ်ထေရော)၊ Wat Langka ကျောင်း၊ ကမ္ဘောဒီးယားနိုင်ငံ

၁၁။ ဘဒ္ဒန္တတိလောကသိရီ၊ မဟာသာသနရံသီမြန်မာဘုန်းတော်ကြီးကျောင်း၊ အမှတ် (၁၄)၊ တိုင်ဂျင်းလမ်း၊ စင်ကာပူနိုင်ငံ

၁၂။ Rev. Shi Gaung Quan (ဆရာတော် ရှီဂေါင်ကွမ်)၊ Ling Yin Si ကျောင်းတိုက်၊ Hang Zhou မြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၁၃။ ဘဒ္ဒန္တခေမာစာရ၊ နတ်ကျောက်ရွာကျောင်း၊ ရာဇာသထော်လီမြို့၊ ရင်္ဂမာတီမြို့နယ်၊ ရင်္ဂမာတီခရိုင်၊ စစ်တကောင်းတောင်တန်းနယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၁၄။ ဘဒ္ဒန္တဝဏ္ဏသာရ၊ ဒီဘောင်ပါဠိကျောင်းတိုက်၊အာသံပြည်နယ်၊ အိန္ဒိယနိုင်ငံ

၁၅။ ဘဒ္ဒန္တဝိသုတ၊ လန်ဒန်ဝိဟာရမဟာစည်ကျောင်းတိုက်၊ လန်ဒန်မြို့၊ အင်္ဂလန်နိုင်ငံ

လူပုဂ္ဂိုလ်

၁၆။ ဦးဟန်မောင်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်တောင်းလမ်း၊ (၆၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၃

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အမေရိကန်ပြည်ထောင်စု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက် အိုဘားမားက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အမေရိကန်ပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စား အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်ပြောကြားပါကြောင်း၊ မိမိမကြာခင်က လာရောက်လည်ပတ်ခဲ့သည့် အဆွေတော်၏ လှပသော မြန်မာနိုင်ငံ အလည်အပတ်ခရီးစဉ်က မိမိတို့နှစ်နိုင်ငံ၏ အနာဂတ်အပြုသဘောဆောင်သည့် ဆက်ဆံရေးကို နက်ရှိုင်းစွာ ဖြစ်ပေါ်ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းလာမည်ကိုလည်း မိမိယုံကြည်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှုများ ခံစားရရှိနိုင်စေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်ထောင်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် "မြန်မာနိုင်ငံ၏ (၆၅) နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်ဦးဆောင်သော မြန်မာအစိုးရ၏ ဆောင်ရွက်မှုများကြောင့် အပြုသဘောဆောင်သော တိုးတက်မှု၊ ဖွံ့ဖြိုးမှုနှင့်တည်ငြိမ်မှုများ အပြင် ပြည်သူများဘဝတိုးတက်မြင့်မားရေးကို ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့မြင်ရပါကြောင်း၊ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခြင်းနှင့် ပြည်တွင်းနိုင်ငံရေးအင်အားစုများနှင့် ပေါင်းစည်းနိုင်ခြင်းအပြင် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့်လည်း ကျယ်ပြန့်စွာဆက်ဆံလာနိုင်ခြင်းကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံနှင့်လည်းဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ဆက်လက်ထူထောင်နိုင်လျက်ရှိကြောင်း၊ အနာဂတ်ကာလတွင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကို တိုးချဲ့ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့် ပြည်သူပြည်သားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း" ဖော်ပြပါရှိသည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တရုတ်ဝန်ကြီးချုပ်မစ္စတာ ဝမ်ကြားပေါင်ကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

ဂျပန်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဂျပန်နိုင်ငံဘုရင်အကီဟီတိုထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများထံသို့ ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်ပါကြောင်း၊ မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးစေရန်နှင့် အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာစေရန် လည်း ဆုမွန်ကောင်းများ တောင်းပါကြောင်း" ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

✲ *ကျောဖုံးမှ*

များပြားလာတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ခရီးသွားလုပ်ငန်းတွေနဲ့လည်း ချိတ်ဆက်မှုတွေ၊ ဆက်သွယ်မှုတွေပိုပြီး ပြုလုပ်လာတာတွေ့ရတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ရော မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ အထောက်အကူပြုစေဖို့ပါ ဆိုက်ရောက်ဗီဇာတွေကို ဥရောပနဲ့ လက်တင်အမေရိကနိုင်ငံတွေကိုပါ တိုးချဲ့ထုတ်ပေးသွားမှာပါ" ဟု ၎င်းက ပြောကြားသည်။

စိတ်ဝင်စားမှုများမြင့်တက်

မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှု၊ ဒီမိုကရေစီစနစ်သို့ အောင်မြင်စွာ အကောင်အထည်ဖော်နေမှု၊ အမေရိကန်သမ္မတအိုဘားမား ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးလာရောက်ခဲ့မှုများက မြန်မာနိုင်ငံကို ကမ္ဘာတစ်ဝန်းက စိတ်ဝင်စားမှုများမြင့်တက်စေခဲ့သည်။

မြန်မာနိုင်ငံအတွင်းသို့ ၂၀၁၂ ခု နှစ် ဇွန် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ နိုင်ငံတကာမှ ဧည့်သည် ၁၂၀၀ ကျော်အား ဆိုက်ရောက်ဗီဇာများ ထုတ်ပေးခဲ့သည်။ ထိုသို့ ဆိုက်ရောက်ဗီဇာများကို ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ဧည့်သည်များအား ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ဆိုက်ရောက်ဗီဇာများထုတ်ပေး

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မည့် ပြည်ပဧည့်သည်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် ဆိုက်ရောက်ဗီဇာများထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသူများမှာ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အလုပ်ကိစ္စဖြင့် လာရောက်လုပ်ကိုင်သူများနှင့် ဧည့်သည်များဖြစ်သည်။

၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်မည့် ဧည့်သည်များကို လက်ရှိဆိုက်ရောက်ဗီဇာဖြင့် ခွင့်ပြုထုတ်ပေးမှုကို နိုင်ငံ ၂၆ နိုင်ငံအပြင် ဥရောပနိုင်ငံများနှင့် လက်တင်အမေရိကနိုင်ငံတို့မှ ဧည့်သည်များကိုလည်း ထပ်မံတိုးချဲ့ ထုတ်ပေးရန် စီစဉ်ထားသည်။

အထောက်အကူပြု

ထိုသို့ ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းသည် နိုင်ငံအတွက် ဝင်ငွေတိုးတက်မှုရရှိစေသည့်အပြင် မြန်မာနိုင်ငံကို ကမ္ဘာတစ်ဝန်းကပိုမိုသိရှိကာ လာရောက်မှုများ ပိုမို တိုးတက်များပြားလာစေမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ကိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုအပြင် ခရီးသွားလုပ်ငန်းလည်း တိုးတက်လာစေရန် ဆိုက်ရောက်ဗီဇာ တိုးချဲ့ထုတ်ပေးခြင်းက အထောက်အကူပြုမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မြန်မာ့တပ်မတော်အနေဖြင့် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်၍ရသည့် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာ့တပ်မတော်အနေဖြင့် ဂျပန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်၍ရသည့် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ-ဂျပန် တပ်မတော်နှစ်ရပ် ဆက်ဆံရေးမြှင့်တင်ပြီး စစ်ရေးနှင့်မသက်ဆိုင်သော ရေကြောင်းပညာ၊ လေကြောင်းပညာ၊ ဆေးပညာ၊ ဥပဒေဆိုင်ရာများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းသို့သွားမည်ဟု လက်ခံယုံကြည်ခဲ့ပြီး ယင်းယုံကြည်ချက်အတိုင်း ဆောင်ရွက်နိုင်ခဲ့သဖြင့် မိမိတို့မျိုးဆက်သစ် တပ်မတော်ခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့လျှောက်နေသည့် လမ်းကြောင်းပေါ်မှ သွေဖည်သွားမည်မဟုတ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မှုရှိမည်ကို အပြည့်အဝယုံကြည်ကြောင်း၊ တိုင်းရင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမ၌ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာဆိုအား လက်ခံတွေ့ဆုံစဉ် ဆွေးနွေးပြောကြားခဲ့သည်။

ညှိနှိုင်းဆွေးနွေး

ထို့အတူ ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာဆို၊ မြန်မာ- ဂျပန် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အထက်လွှတ်တော်အမတ်ဟောင်း Mr.Hideo Watanabe နှင့် Nippon Foundation ဥက္ကဋ္ဌ Mr.Yohei Sasakawa တို့က နှစ်နိုင်ငံ တပ်မတော်များ ဆက်ဆံရေးမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိကတည်းက မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံအတွက်ကြီးမားသော တာဝန်များ ထမ်းဆောင်နေရသည်ကို နားလည်ကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ချက်များအား ဂျပန်နိုင်ငံရှိပြည်သူ၊ အစိုးရ၊ ပုဂ္ဂလိက၊ အာဏာရပါတီ၊ ဆန့်ကျင်ဘက်ပါတီအားလုံး သဘောတူညီထားပါကြောင်း၊ တိုင်းရင်းသားဒေသများ ကျန်းမာရေးမြှင့်တင်မှုနှင့် ဖွံ့ဖြိုးရေး အကူအညီများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဂျပန်ဒုတိယဝန်ကြီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Mikio Numata၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်စစ်သံမှူးဗိုလ်မှူးကြီး Yuji Sato တို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ဆောင် ပစ္စည်း ပေးအပ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာဆို အား လက်ဆောင် ပစ္စည်း ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံ့သားကောင်း ကင်းထောက်လူငယ်များ မွေးမြူလေ့ကျင့်ကြပါစို့

အခြေခံပညာကျောင်းများကသာလျှင် နိုင်ငံအတွက်လိုအပ်သည့် ထူးချွန်ထက်မြက်ပြီး စိတ်ဓာတ်ကြံ့ခိုင်၊ လျင်မြန်သွက်လက်၊ ကျန်းမာသန်စွမ်း၊ နိုးကြားတက်ကြွသော နိုင်ငံ့သားကောင်းများကို မွေးမြူပေးနိုင်သည်။ ထို့ကြောင့် အခြေခံပညာကျောင်းများသည် နိုင်ငံ့သားကောင်းများ မွေးဖွားပေးရာဌာနများဟူ၍ မှတ်ယူကြရမည် ဖြစ်ပါသည်။ ထိုသို့ မှတ်ယူနှလုံးသွင်းပြီး ကျွန်ုပ်တို့နိုင်ငံအတွက် လိုအပ်သော နိုင်ငံ့သားကောင်းများကို မွေးမြူကြအံ့။

ယနေ့ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအား"ကင်းထောက်စိတ်ဓာတ်"စွဲတည်သွားအောင် လေ့ကျင့်ပေးလိုက်နိုင်ခြင်းသည် နိုင်ငံ့သားကောင်း အခြေခံ စရိုက်လက္ခဏာများကို ပုံလောင်းပေးလိုက်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် အခြေခံပညာကျောင်းများ၌ ကင်းထောက်လူငယ်များဖွဲ့စည်းပြီး ကျောင်းသား ကျောင်းသူတို့အား ကင်းထောက်စိတ်ဓာတ်ကို လေ့ကျင့်မွေးမြူပေးကြရမည်ဖြစ်သည်။

ကင်းထောက်၏ ဆောင်ပုဒ်သည် 'အစဉ်အသင့်'ဟူ၍ ဖြစ်၏။ ကင်းထောက်သည် သူတစ်ပါးကို စောင့်ကြည့်ရန်၊ သူတစ်ပါးအကြောင်းကို စုံစမ်းရန်၊ သူတစ်ပါးထက်သာရန်၊ သူတစ်ပါးကို အနိုင်ကျင့်ရန်မဟုတ်ဘဲ သူတစ်ပါးကို ကူညီရန် 'အစဉ်အသင့်' ဖြစ်နေရမည်ဖြစ်သည်။ မိမိကိုယ်ကို အသုံးဝင်နေသူဖြစ်ရန်နှင့် သူတစ်ပါးကို အချိန်မရွေး ကူညီနိုင်သူဖြစ်ရန်အတွက် ကင်းထောက်တစ်ဦးချင်းစီက ကျင့်ကြံအားထုတ်ကြိုးစားနေကြရမည်လည်းဖြစ်သည်။

ကင်းထောက်တစ်ဦးချင်းစီတွင် ကင်းထောက်အရည်အချင်းများ ပြည့်စုံနေပြီဆိုပါက နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူမှုဝန်ထမ်းစိတ်ဓာတ်ပြည့်ဝသော နိုင်ငံ့သားကောင်း၊ စိတ်ဓာတ်ကြံ့ခိုင်သော နိုင်ငံ့သားကောင်း၊ အမျိုးအနွယ်ကို စောင့်ရှောက်သော နိုင်ငံ့သားကောင်း၊ ကျန်းမာသန်စွမ်းသော နိုင်ငံ့သားကောင်း၊ နိုးကြားတက်ကြွသော နိုင်ငံ့သားကောင်း၊ လျင်မြန်သွက်လက်သော နိုင်ငံ့သားကောင်းများဖြစ်ပေါ်လာမည်မှာ သေချာသည်။ထို့ကြောင့်အခြေခံပညာကျောင်းများတွင် ကင်းထောက်လူငယ်အဖွဲ့များဖွဲ့စည်းပြီး နိုင်ငံ့သားကောင်းများကို မွေးမြူကြပါစို့။

(ရေနံ့သာမောင်ကျော်ညွန့်)

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာ့အလင်းသတင်းစာတိုက် ဝန်ထမ်းများ လုပ်ငန်းခွင်အထောက်အကူပြုရေးနှင့် စာပေဗဟုသုတများပိုမိုရရှိရေးအတွက် မြန်မာ့အလင်းသတင်းစာတိုက် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ စာကြည့်တိုက်အတွက် ဘာသာရပ်ပေါင်းစုံစာအုပ် ၁၂၀ အုပ်နှင့် မြန်မာ့စွယ်စုံကျမ်းတစ်တွဲ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ရှိ စာအုပ်များကို ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တွင် ဇန်နဝါရီ ၃ရက်၌ ဝန်ထမ်းများက လှူဒါန်းရာ မြန်မာ့အလင်းသတင်းစာတိုက် ခေတ္တစာတည်းမှူးချုပ် ဦးအောင်နိုင်ဦးက လက်ခံယူသည်။ **(ယာပုံ)**လှူဒါန်းလိုသော အလှူရှင်များသည် အမှတ်(၅၃)နတ်မောက်လမ်းသွယ်(၁)ဗိုလ်ချုပ်(၂)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်ရုံးခွဲ ဖုန်း-၀၁-၅၄၄၃၀၉သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်းသတင်းစာတိုက်သို့ စာအုပ်များလှူဒါန်း

ရွှေတောင်တန်း ဆိပ်ခံတံတား(၂) ပြုပြင်ခင်းကျင်းနေ

ရန်ကုန် ဇန်နဝါရီ ၃

မြစ်ဝကျွန်းပေါ် ဒေသသွားသင်္ဘောဆိပ်ကမ်း ဖြစ်သော လမ်းမတော် ဘက်ခြမ်း ကမ်းနားဘက်ရှိ ဆိပ်ခံတံတားအခင်းများပြုပြင်ထားသည်မှာ နှစ်နှစ်ပင်မရှိသေးသော်လည်း ဆိပ်ခံတံတားအချို့တွင် ပေါက်ပြဲနေသဖြင့် ယခုအခါ ရွှေတောင်တန်း ဆိပ်ခံတံတား အမှတ်(၂) ကို သက်ဆိုင်ရာမှ ပြုပြင်ခင်းကျင်းနေသည်ကို တွေ့ရသည်။

လမ်းမတော်ဖောတံတားအမှတ် (၁)ကို ယခုရက်ပိုင်းဖာထေးခြင်း ပြုလုပ်သော်လည်း ဖောတံတားအမှတ် (၂) တွင် တံတားအခင်းပေါင်းကူးနေရာတွင် သစ်သားများ ဖရိုဖရဲဖြစ်နေရာခရီးသည်များ ကျော်လွှားသွားနေရသဖြင့် ပြုပြင်ခင်းကျင်းခြင်းဖြစ်ကြောင်း သိရသည်။

ခင်ဆိုင်

နိုင်ငံရေးဆောင်းပါး

သူ့အတွေး သူ့အမြင်

ယုံကြည်စိတ်ချရသောပြုပြင်ပြောင်းလဲရေး

မင်းမထူး

(ဒီဇင်ဘာ ၂၈ ရက်မှ အဆက်)

ယုံကြည်စိတ်ချရမှု ထပ်လောင်း တည်ဆောက်ခြင်း

ယုံကြည်စိတ်ချရမှုနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးတို့ဟာ စက်ဝိုင်းတစ်ခုတည်းမှာ ရှေ့နောက်ပြေးနေကြပါတယ်။ အစိုးရနဲ့ ပြည်သူ့ကိုယ်စားလှယ်များအပေါ် ယုံကြည်စိတ်ချရခြင်းဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးကို အားပေးသလို ကောင်းမွန်တဲ့အုပ်ချုပ်ရေးကလည်း ယုံကြည်စိတ်ချရမှုကို ပြန်လည်မြှင့်တင်ပေးပါတယ်။ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးအတွက် နိုင်ငံရေးအရယုံကြည်စိတ်ချရမှုနဲ့ လူမှုရေးအရ ယုံကြည်စိတ်ချရမှုသဘောတရားတို့ကို ကျင့်သုံးခြင်းဟာ သီအိုရီအယူအဆရေးရာ အခိုင်အမာရှိပြီးဖြစ်တဲ့အပြင် လက်တွေ့ကျင့်သုံးမှု အတွေ့အကြုံသာဓကများကလည်း အများအပြားရှိနေပြီဖြစ်တဲ့အတွက် နိုင်ငံရေးခေါင်းဆောင်တိုင်းဟာ ယုံကြည်စိတ်ချရမှုရရှိရေးကို ရှေ့တိုးပြီး လုပ်ဆောင်နေကြရပါမယ်။ အဲဒီလို ယုံကြည်စိတ်ချရမှုရရှိအောင် ထပ်လောင်း တည်ဆောက်ရာမှာ ကျွန်တော်တို့ဟာ အောက်ပါမဟာဗျူဟာများကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နိုင်ရပါမယ်လို့ ပညာရှင်တချို့က ဆိုကြပါတယ်။

(၁) အပြောနဲ့အလုပ် တစ်ထပ်တည်း ကျစေခြင်းဖြင့် ပြည်သူလူထုရဲ့ ကောင်းကျိုးအတွက် စစ်မှန်တဲ့ အလေးအနက်ထားရှိမှုကို ပြသရပါမယ်။ ဒါဟာ သီလစောင့်ထိန်းမှုနဲ့ ကိုယ်ကျင့်တရားကောင်းမွန်မှုကို အလေးပေးတဲ့ **"ကိုယ်ကျင့်သိက္ခာအရ ယုံကြည်စိတ်ချရမှု"** ဖြစ်ပါတယ်။

(၂) ပြည်သူလူထုရဲ့ ကောင်းကျိုးအတွက် ရည်မှန်းချက်နဲ့ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုယ့်ကိုယ်ကိုမြှုပ်နှံပြီး လုပ်ကိုင်နေစဉ်မှာပဲ မိမိမဲဆန္ဒရှင်များရဲ့ အကျိုး စီးပွားအတွက်လည်း တတ်နိုင်သမျှ အားထုတ်လုပ်ကိုင်ပေးရပါမယ်။ ဒါဟာ စီးပွားရေး စွမ်းဆောင်ရည်ရှိမှုနဲ့ ပြည်သူလူထုအရေးကို အလေးပေးတဲ့ **"စီးပွားရေးအရ ယုံကြည်စိတ်ချရမှု"** ဖြစ်ပါတယ်။

(၃) နိုင်ငံရေးပြုပြင်ပြောင်းလဲရေးကို လက်တွေ့အကောင်အထည်ဖော်နေခြင်းအားဖြင့် နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို တိုက်ရိုက်ရရှိနိုင်ပြီး လူမှုရေးအရ ယုံကြည်စိတ်ချရမှုကို သွယ်ဝိုက်ရရှိနိုင်ပါတယ်။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုတွင် လက်အောက်သို့ အာဏာဖြန့်ခွဲပေးခြင်းနဲ့ အသစ်ပြုပြင်ခြင်းတို့ဟာ လူမှုရေးတိုးတက်ကောင်းမွန်မှုအတွက် အကျိုးပြုနိုင်ပါတယ်။ ဒါဟာ နိုင်ငံရေးအရ တရားဝင်လက်ခံမှုကို အလေးပေးတဲ့ **"နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှု"** ဖြစ်ပါတယ်။

(၄) လူမှုရေးအရ ပြုပြင်ပြောင်းလဲမှုတွေကို ထည့်သွင်းဆောင်ရွက်စေခြင်းဖြင့် လူ့အဖွဲ့အစည်းများကို အားကောင်းစေပြီး နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုနဲ့ ရှေ့ဆင့်နောက်ဆင့် တိုးတက်မှုများကို ရရှိစေပါတယ်။ ဒါဟာ လူမှုရေးအရင်း စုစည်းခိုင်မာရေးကို အလေးပေးတဲ့ **"လူမှုရေးအရ ယုံကြည်စိတ်ချရမှု"** ဖြစ်ပါတယ်။

(၅) နည်းပညာအသစ် တီထွင်ပြောင်းလဲခြင်းတွေကို လက်ခံကျင့်သုံးခြင်းဖြင့် အီလက်ထရွန်နစ်နည်းပညာ အသုံးပြုတဲ့ အစိုးရရဲ့လုပ်ငန်းများ ပိုမိုအစွမ်းထက်စေခြင်း၊ လူအများပါဝင်မှု ရရှိစေခြင်းနဲ့ လူထုအတွက် လွယ်ကူသက်သာစေခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။ ဒါဟာ နည်းပညာအသစ် တီထွင်ပြောင်းလဲမှုရှိခြင်း၊ တာဝန်ခံမှုရှိခြင်းနဲ့ သမမျှတမှုရှိခြင်းတို့ကို အလေးပေးတဲ့ **"နည်းပညာအရ ယုံကြည်စိတ်ချရမှု"** ဖြစ်ပါတယ်။

(၆) ပြည်သူလူထု အုပ်ချုပ်ရေးလုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို လွယ်ကူပြေပြစ်စေရန် ပြုလုပ်ပေးခြင်းဖြင့် လူထုအတွက်ရော၊ နိုင်ငံ့ဝန်ထမ်းများ အတွက်ပါ မလိုအပ်ဘဲ ပုံစံဖြည့်သွင်းရခြင်း၊ လက်မှတ်ရေးထိုးရခြင်း စသည့်အခက်အခဲများကို နည်းပါးသွားစေပါတယ်။ ဒါဟာ စွမ်းဆောင်ရည်ရှိသော စီမံခန့်ခွဲခြင်းနဲ့ ဝန်ဆောင်မှု ပေးခြင်းတို့အပေါ် အလေးပေးတဲ့ **"အုပ်ချုပ်ရေးအရ ယုံကြည်စိတ်ချရမှု"** ဖြစ်ပါတယ်။

၂၀၀၇ ခုနှစ် အစိုးရများ၏ အသစ်ထပ်မံ တီထွင်ဖန်တီးခြင်းနဲ့ ပတ်သက်တဲ့ သတ္တမအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲမှာ "ကမ္ဘာ့နိုင်ငံအစိုးရများ၏ ယနေ့ အမြန်ဆုံး လုပ်ဆောင်ရန် လိုအပ်ချက်မှာ ယုံကြည်စိတ်ချရမှု တည်ဆောက်ရေးကို ပန်းတိုင်အဖြစ် ထားရှိရန်နှင့် မျက်နှာစာတိုင်းတွင် ယုံကြည်စိတ်ချရမှုရှိစေနိုင်သော မဟာဗျူဟာနှင့်ယန္တရားများ ချမှတ်ကျင့်သုံးရန်"တို့ဖြစ်ကြောင်း တညီတညွတ်တည်း ထောက်ခံအတည်ပြုခဲ့ကြပါတယ်။ ဒါ့အပြင် အဲဒီဆွေးနွေးပွဲမှာပဲ နိုင်ငံရေးခေါင်းဆောင်များက ယုံကြည်စိတ်ချရမှုကို တည်ဆောက်ရာမှာ အချိန်ယူရမှာဖြစ်ကြောင်း၊ အစိုးရနှင့် လူထုအကြား ယုံကြည်စိတ်ချရမှု ထွန်းကားလာခြင်းမဖြစ်ပေါ်မီ ၎င်းတို့က ယုံကြည်စိတ်ချမှုရရှိအောင် အကြိမ်ကြိမ် အထပ်ထပ် လုပ်ပြနေရမှာ ဖြစ်ကြောင်း အပြီးသတ် ဆုံးဖြတ်ခဲ့ကြပါတယ်။

ဒါကြောင့် ယခုခေတ်မှာ အစိုးရများဟာ အစိုးရဌာနအသီးသီးရဲ့ မူဝါဒများနဲ့ ဝန်ဆောင်မှုတွေအပေါ် ပြည်သူလူထုရဲ့ အမြင် သဘောထားများကို တိုင်းထွာသိရှိနိုင်ဖို့ အထူးလိုအပ်လာပြီဖြစ်ပါတယ်။ လူထုသဘောထား စစ်တမ်းကောက်ယူမှုတွေကိုအသုံးပြုပြီး လူထုရဲ့အမြင်၊ လူထုရဲ့ မျှော်လင့်ချက်များကို သိရှိရပြီဆိုပါက အစိုးရများဟာ ပြည်သူလူထုရဲ့ မျှော်လင့်ချက်အတိုင်း ရည်မှန်းချက်တွေကို အောင်မြင်ပြီးမြောက်စေဖို့ အထိရောက်ဆုံး နည်းလမ်းတွေကို အသုံးပြုပြီး အမြန်ဆုံး အကောင်အထည်ဖော်ကြရပါမယ်။ တူနီးရှားနိုင်ငံမှာ လူထုအသံနားထောင်ရေးဗျူရိုများကို နိုင်ငံအနှံ့ ထူထောင်ထားသလို အခြားဖွံ့ဖြိုးဆဲနိုင်ငံအချို့မှာလည်း နည်းအမျိုးမျိုးနဲ့ အစိုးရဌာနများရဲ့ လုပ်ဆောင်ချက်တွေအပေါ် သဘောထားကောက်ခံမှုများ ရှိနေကြပါတယ်။ လူဇင်ဘတ်နိုင်ငံရဲ့ အီလက်ထရွန်နစ် သတင်းပို့ရေး အစီအစဉ်ဟာ အဆင့်အတန်းမရွေး လူထုက သတင်းအချက်အလက်များ ရရှိနိုင်စေဖို့ အစိုးရနဲ့တိုက်ရိုက်ထိတွေ့ ဆက်ဆံနိုင်တဲ့ ကိရိယာများကို အသုံးပြုနိုင်ဖို့နဲ့ အစိုးရကို တိုက်ရိုက် အကြံဉာဏ်ပေးနိုင်တဲ့ အခွင့်အရေးတွေရရှိဖို့အတွက် အထောက်အကူဖြစ်စေပါတယ်။ လူမှုရေးတည်ငြိမ်အေးချမ်းမှုနဲ့ တာဝန်ခံမှုရှိတဲ့ နိုင်ငံရေးအရ ယုံကြည်စိတ်ချရမှုကို တာရှည်ခံအောင် ထိန်းသိမ်းရာမှာ ကိုရီးယားသမ္မတနိုင်ငံဟာ အင်တာနက်ကွန်ရက်တစ်ခု ထူထောင်ထားပြီး ပြည်သူလူထုက အုပ်ချုပ်ရေးယန္တရားကို ပေးပို့လိုတဲ့ မေတ္တာရပ်ခံချက်၊ တိုက်တွန်းချက်တို့ကို စနစ်တကျ စီမံခန့်ခွဲပေးလျက် ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာလည်း တရားဥပဒေလိုက်နာစောင့်ထိန်းရေးကို အုပ်ချုပ်မှုအဖွဲ့က တာဝန်ခံရတဲ့ စနစ်တစ်ခုကို သုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။

ယုံကြည်စိတ်ချရမှုတည်ဆောက်ခြင်းနှင့် ဒီမိုကရေစီ

ကျွန်တော်တို့အားလုံးရဲ့ အကျိုးစီးပွားအတွက် သဘာဝကျကျ နားလည်လက်ခံမှု တစ်ရပ်အနေနဲ့ဖြစ်ဖြစ်၊ မျှတမှုနဲ့ရိုးသားဖြောင့်မတ်မှုအပေါ် ယုံကြည်တဲ့စိတ်ခံစားချက်နဲ့ဖြစ်ဖြစ်၊ စဉ်းစားကြမယ်ဆိုရင် ယုံကြည်စိတ်ချရမှုဟာ နေရာတိုင်း အချိန်တိုင်းမှာ ရှိနေရမှာဖြစ်ပါတယ်။ အစိုးရနဲ့သူ့ရဲ့ ဦးစီးဌာနများအပေါ် အဝင် မကျိုင်သုံးရပ်စလုံးနဲ့ နိုင်ငံရေးစနစ်တစ်ခုလုံးသာမက လူတစ်ဦးချင်းစီအတွက်လည်း သက်ဆိုင်ပါတယ်။

ခွဲခြမ်းစိတ်ဖြာ သုံးသပ်သူများက ယုံကြည်စိတ်ချရမှုကို တည်ဆောက်ဖို့နဲ့ တာရှည်ခံအောင် ထိန်းသိမ်းဖို့အတွက် နည်းလမ်းတွေအမြောက်အများကို ဖော်ထုတ်ခဲ့ကြပေမယ့်လည်း အဓိကကျတဲ့ နည်းလမ်းတွေကတော့ တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်တဲ့တရားစီရင်ရေး၊ လွတ်လပ်မျှတပြီး ပုံမှန်ဖြစ်တဲ့ ရွေးကောက်ပွဲ၊ တရားဥပဒေနဲ့ညီညွတ်တဲ့ လွှတ်တော်လုပ်ငန်း၊ ရှင်သန်အားကောင်းတဲ့ လူထုအဖွဲ့အစည်း၊ အကျင့်ပျက်ခြစားမှုနဲ့ အကျင့်ပျက်ခြစားမှုအသွင်သဏ္ဌာန် ပေါ်ပေါက်မှုတို့ကို တိုက်ဖျက်ရေး၊ ဒေသန္တရအုပ်ချုပ်ရေးနဲ့ လက်အောက်သို့ အာဏာဖြန့်ခွဲပေးရေး၊ အီလက်ထရွန်နစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်တဲ့ အုပ်ချုပ်ရေးစနစ်စသည်တို့ပဲဖြစ်ပါတယ်။

ယုံကြည်စိတ်ချရမှု တည်ဆောက်ခြင်းလုပ်ငန်းနဲ့ ယုံကြည်စိတ်ချရမှုကို ရေရှည်ထိန်းသိမ်းရန် ပျက်ကွက်လျှင် ဒီမိုကရေစီအုပ်ချုပ်ရေးကို ထိခိုက်စေသလို ဒီမိုကရေစီအုပ်ချုပ်ရေးကို ပျက်ကွက်လျှင်လည်း ယုံကြည်စိတ်ချရမှုကို ထိခိုက်စေပါတယ်။ ဒီနှစ်ခုအကြား ကွဲပြားခြားနားချက်ဟာ အလွန်သိမ်မွေ့ပါတယ်။ ယုံကြည်စိတ်ချရမှုက ဂုဏ်သိက္ခာနဲ့ တရားဝင်လက်ခံမှုတည်ရှိခြင်းတို့အပေါ်တွင် ပိုပြီးအလေးပေးမှုရှိခြင်း သဘောကလေးသာ ကွာခြားပါတယ်။ ဒါ့ကြောင့် ယုံကြည်စိတ်ချရမှု ထင်ရှားစွာ တည်ရှိနေသရွေ့၊ ယုံကြည်စိတ်ချရမှုကျင့်စဉ် ဖြစ်ထွန်းအောင်မြင်နေသရွေ့၊ ဒီမိုကရေစီအုပ်ချုပ်ရေးဟာလည်း တာရှည်တည်တံ့ခိုင်မြဲနေမှာ ဖြစ်ကြောင်းပါ ခင်ဗျား။

(သောကြာနေ့တိုင်း ဆက်လက်ဖော်ပြပါမည်)

အလုပ်သမားများအားထားရမည့် ဆေးရုံကြီး

ရန်ကုန် ဇန်နဝါရီ ၃

အလုပ်သမားများ၏ ကျန်းမာရေး ကူညီစောင့်ရှောက်မှုများအတွက် တစ်ခုတည်းသော အားထားရာ အလုပ်သမားဆေးရုံကြီးကို မကြာမီအတွင်း အဆင့်မြှင့်တင်သွားရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

"အလုပ်သမားဆေးရုံကြီးကို အဆင့်မြှင့်တင်သွားမှာဖြစ်ပါတယ်။ အဓိကကတော့ တိုးချဲ့ဆောင်တွေကို ဆောက်လုပ်သွားမယ်။ လူနာပိုပြီး လက်ခံကုသပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ နောက်ပြီးဆေးရုံတစ်ရုံရဲ့ အင်္ဂါရပ်တွေနဲ့အညီ လိုအပ်တဲ့စက်ပစ္စည်းကိရိယာတွေ ဖြည့်တင်းသွားနိုင်အောင် ကြိုးပမ်းသွားဖို့လည်းရှိပါတယ်။ အစိုးရဝန်ထမ်းတွေရော၊ ပြင်ပအလုပ်သမားတွေ အားလုံးအတွက် အားထားရတဲ့ အလုပ်သမားဆေးရုံကြီး ဖြစ်လာအောင် ကြိုးပမ်းဖို့အတွက် လိုအပ်တဲ့ နိုင်ငံတကာက အကူအညီတွေကို ရယူဖို့ရှိပါတယ်။ မကြာခင်အချိန်အတွင်း လုပ်ငန်းတွေ စတင်တော့မှာဖြစ်ပါတယ်"ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။ သန့်ရှင်းမှု၊ ကျယ်ဝန်းမှုများနှင့် ဂရုစိုက်မှုများ ကောင်းမွန်သော်လည်း အမှန်တကယ် အလုပ်သမားအများစုမှာ အလုပ်သမားဆေးရုံကြီးတွင် တက်ရောက် ကုသရန်အတွက် စဉ်းစားသူနည်းပါးကြပြီး အများစုသော ငွေကြေးအင်အားနည်းပါးသည့် အလုပ်သမားများမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် နီးစပ်ရာ အင်းစိန်ဆေးရုံ၊ စံပြဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းဆေးရုံများကိုသာ အများဆုံးအားကိုးနေကြကြောင်း အလုပ်သမားများကျန်းမာရေးစောင့်ရှောက် ကူညီသူဂျီပီဆရာဝန်တစ်ဦးက ပြောပြသည်။

ယခုလက်ရှိတွင် အလုပ်သမားဆေးရုံကြီးကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ဝန်ကြီးဌာနမှ လျာထားပြီး စီမံကိန်းအပြီးသတ်ရေးဆွဲခြင်း မပြုရသေးသော်လည်း လိုအပ်သည့် တိုးချဲ့ဆောင်တည်ဆောက်မှုများနှင့် ဆေးရုံတွင်းသုံး ကျန်းမာရေးစက်ကိရိယာများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများကို နိုင်ငံတကာအလှူရှင်များထံမှရရှိမည့် အလှူငွေများနှင့် တည်ဆောက်သွားရန်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရှိရသည်။ **(ခင်ရတနာ)**

ကသာမြို့အနီးတွင် ဧရာဝတီမြစ်ရေစီးကြောင်းပြောင်းလဲ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့အနီး၌ ဧရာဝတီမြစ် ရေစီးကြောင်းများ ပြောင်းလဲစီးဆင်းလျက်ရှိရာ မြစ်လယ်ကောင်တွင် သဲသောင်ထွန်းလျက်ရှိနေကြောင်း သိရသည်။

"သဲသောင်ခုံတွေထွန်းပြီး မြစ်ရေစီးကြောင်းတွေ ပြောင်းလဲစီးဆင်းတော့ ဧရာဝတီမြစ်ဟာ တဖြည်းဖြည်း ပျက်စီးစပြုလာပြီဖြစ်တယ်။ ပျက်စီးလာရတဲ့ အကြောင်း တရားတွေကတော့ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာရှိတဲ့ ကချင်ပြည်နယ်အတွင်းက စီးဆင်းလာတဲ့မြစ်ဟာ မြစ်ဘေးမှာရှိတဲ့ ကမ်းပါးတွေပြိုကျပြီး သဲတွေမြေတွေ မြစ်ထဲကို မျောပါစီးဆင်းလာတာတွေရှိတယ်။ ဒါကြောင့်မို့ အခုမြင်တွေ့နေရတဲ့ မြစ်လယ်ကောင်က သဲသောင်ခုံဟာ ဧရာဝတီမြစ်ရဲ့ ရေစီးကြောင်းပြောင်းလဲ စီးဆင်းပြီး ဧရာဝတီမြစ်အတွင်း တိမ်ကောစပြု လာတာကို သက်သေပြနေပါ တယ်" ဟု ကသာမြို့သို့ ခေတ္တရောက် ရှိနေသည့် ကချင်ပြည်နယ် ဗန်းမော်မြို့မှ ခရီးသည်တစ်ဦးက ရှင်းပြခဲ့သည်။

ကသာမြို့အနီးတွင် ဧရာဝတီမြစ်အတွင်း၌ သဲသောင်ခုံထွန်းလျက်ရှိနေသောနေရာသည် ကသာမြို့ပေါ်ရှိ ဆိပ်ကမ်းမှကြည့်လျှင် ဧရာဝတီမြစ်အတွင်းတွင် မြစ်ရေတိမ်ကောပြီး မြစ်ရေစီးကြောင်းများ ပြောင်းလဲစီးဆင်းကာ ပျက်စီးနေကြောင်း သိရသည်။

"သဲသောင်ခုံထွန်းပြီး ဧရာဝတီမြစ်တိမ်ကောလာလို့ မြင်တဲ့အတိုင်းပဲ မြစ်ထဲက သင်္ဘောကြီးတွေ၊ ရှပ်ပြေးရေယာဉ်တွေ၊ ရေယာဉ်နဲ့မော်တော်တွေဟာ မြစ်ရေနက်တဲ့နေရာကို ရွေးချယ်ပြီး မြစ်ဘေးမှာ နေရာယူ ကပ်ထားကြရပါတယ်" ဟု ကသာမြို့ခံတစ်ဦးက ပြောကြားသည်။

ဧရာဝတီမြစ်သည် ကချင်ပြည်နယ်အတွင်းမှ မြစ်ဖျားခံကာ စီးဆင်းလာသော မြစ်ဖြစ်သည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြစ်ကမ်းပါးများသည် မိုးရာသီကာလ မြစ်ရေကြီးချိန်တွင် သဲကမ်းပါးများ မြစ်ထဲသို့ ပြိုကျမှုများရှိကာ ပြိုကျသော သဲမြေများသည် ဧရာဝတီမြစ်ရေစီးကြောင်းအတိုင်း မျောပါမှုများပြားလာသည့်အတွက်ကြောင့် မြစ်ရေကျချိန်တွင် အချို့နေရာများ၌ မြစ်လယ်ကောင် သောင်ထွန်းခြင်းများဖြစ်ပေါ်လျက်ရှိနေကြောင်း သိရသည်။

လေပွေနီ(အင်းတော်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပဲခူးမြို့နေ ဒေါက်တာဦးလှမိုးသွင်-ဒေါ်သော်တာထွန်း (သုခ-ဆေးကုခန်း)တို့၏ သမီးကြီး မရွှန်းမြတ်မိုးသွင် အထက(၃)ပဲခူး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)သည် အခြေခံပညာကဏ္ဍ ၂၀၁၂-၂၀၁၃ပညာသင်နှစ်အတွင်း ကျင်းပသည့် အခြေခံပညာအဆင့် သချာၤစွမ်းရည်ပြိုင်ပွဲတွင် တစ်နိုင်ငံလုံး ပထမဆုရရှိခဲ့သည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

Mr.Roy MEDLEY

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်မှ ၂၀၁၃ ခုနှစ်အတွက် ထာဝရအလင်းတန်းများ ရုပ်ရှင်ဇာတ်ကားဖြင့် ထူးချွန်ဆုရရှိခဲ့သော အကောင်းဆုံး အမျိုးသမီး ဇာတ်ဆောင်ဆု ရရှိခဲ့ခြင်းအတွက် သရုပ်ဆောင် မယ်လိုဒီအား လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

တွံတေးမြို့နယ်သူ/သားများ

အမည်ပြောင်း

အမှတ် ၁၊ ခေမာသီလမ်း၊ ၄ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးကိုကိုမောင် ၁၂/ဥကမ(နိုင်)၁၃၃၉၆၆၏သား မောင်စည်သူအောင်အား ဇွဲလင်းကိုကို ၁၂/ဥကမ(နိုင်)၂၃၁၀၉၅ဟု ပြောင်းလဲခေါ်ပါရန်။

BLT Air-Con Express
Jan 2, 4, 5, 6, 7
ကျိုက်ထီးရိုး 8000
ချောင်းသာ 11000

ချောင်းသာ (စား/စည်း ငြိမ်း) 85000
ကျိုက်ထီးရိုး ကျိုက်ထီးရိုး(အထူး) ပုဂံ၊ ပုပ္ပား၊ ပခုက္ကူ
ချောင်းသာ
09731 98239, 0943033237, 0973163538

ပြည်တွင်းသတင်း

နိုင်ငံတော်တစ်ခုလုံးနှင့် သက်ဆိုင်သည့် အမျိုးသားအကျိုးစီးပွားကိစ္စများတွင် မတူသည်များဘေးဖယ်ထားပြီး တူညီသောရည်ရွယ်ချက်အတွက် ပူးပေါင်းလုပ်ဆောင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ ပါတီပိုင်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ အထွေထွေကိစ္စရပ်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ဖြစ်စေ၊ နိုင်ငံရေးပါတီများမှ နိုင်ငံအကျိုး၊ ပါတီအကျိုးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ဖြစ်စေ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်၊ ပေါင်းစပ်ညှိနှိုင်းပေးရန် တာဝန်ရှိပါကြောင်း၊ အထက်ပါတာဝန်များ ကျေပွန်ရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်စေရန်အတွက် မိမိတို့ကော်မရှင်နှင့် နိုင်ငံရေးပါတီများသည် ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး အပြန်အလှန်လေးစား ယုံကြည်မှုဖြင့် အတူလက်တွဲပူးပေါင်းပါဝင် ကြိုးပမ်းသွားရမှာဖြစ်ကြောင်းဖြင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည့် ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီဥက္ကဋ္ဌများ၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေး၌ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့အပြင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁) နိုင်ငံတော်အခြေခံမူများအခန်း၊ ပုဒ်မ ၇မှာ "နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" လို့ အခြေခံမူချမှတ်ထားပါကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၀) နိုင်ငံရေးပါတီများအခန်း၏ပုဒ်မ ၄၀၄ မှာ နိုင်ငံရေးပါတီတစ်ရပ်ဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးတည်ချက်ထားပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်ဟု လည်းကောင်း၊ ပုဒ်မ ၄၀၅ မှာ နိုင်ငံရေးပါတီတစ်ရပ်ဟာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဟုလည်းကောင်း လမ်းညွှန်ပြဋ္ဌာန်းထားပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပေးပို့တင်ပြလာသည့် နိုင်ငံရေးပါတီအသီးသီး၏ ဖွဲ့စည်းပုံ/စည်းမျဉ်း၊ မူဝါဒသဘောထား လုပ်ငန်းစဉ်တို့ကို လေ့လာကြည့်လျှင်လည်း နိုင်ငံရေးပါတီတိုင်းသည် ပါတီစုံဒီမိုကရေစီစနစ်ကို မမိုတ်မသုန်ယုံကြည်ပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်မည်ဖြစ်ကြောင်း မူဝါဒများချမှတ်ထားကြသည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း နိုင်ငံရေးပါတီများသည် နိုင်ငံတော်ကကျင့်သုံးလျက်ရှိသော "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီကို ကျင့်သုံးဖော်ဆောင်ရာတွင်" အဓိကကျသည့် နိုင်ငံရေးအင်အားစုများဖြစ်သည်ကို လက်ခံယုံကြည်ထားပါကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပမှ ဖြစ်စေ ပြည်သူလူထုကို စည်းရုံးဦးဆောင်၍ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများဖြစ်သည်ကိုလည်း အသိအမှတ်ပြုပါကြောင်း။

နိုင်ငံရေးပါတီများသည် ပြည်သူများနှင့်ထိတွေ့ဆက်ဆံစည်းရုံးနေပြီး ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ရန် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းထားခြင်းဖြစ်၍ ပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာကိစ္စအဖြာဖြာမှာ ပညာပေးခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်း၊ သဘောထားရပ်တည်ချက်ထုတ်ဖော်ပြောကြားခြင်းတို့ပြုလုပ်သည်ကို ကော်မရှင်က ကြိုဆိုပါကြောင်း၊ ထောက်ခံ၊ အားပေးမှုလည်းပြုလိုပါကြောင်း။

နိုင်ငံရေးပါတီများ၏ အဆိုပါလုပ်ဆောင်ချက်တိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေတွေကို မဆန့်ကျင်မိကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံရေးပါတီနှင့် (ပါတီဝင်တိုင်းသည်လည်း) ပြည်သူထဲမှ ပြည်သူများပင်ဖြစ်၍ ပြည်သူအများလေးစားလိုက်နာရသည့် ဥပဒေပြဋ္ဌာန်းချက်တွေကို လိုက်နာရပါကြောင်း၊ ပြည်သူအများလိုက်နာရသည့် ဥပဒေတွေအပြင် ပါတီဥပဒေ၊ ပါတီစည်းကမ်းတွေကိုပါ စောင့်ထိန်းရသူများဖြစ်သဖြင့် ပြည်သူတွေ၏ စံနမူနာပြပုဂ္ဂိုလ်များဖြစ်ကြရမည်ဖြစ်ပါကြောင်း၊ နေထိုင်၊ ပြုမူ၊ ပြောဆို၊ လုပ်ကိုင်ပုံများမှအစ ပြည်သူများလေးစား၊ အားကျ၊ အတုယူလောက်သည့် ပြည်သူ့ခေါင်းဆောင်များဖြစ်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများကို ဦးဆောင်ပြီး ပြည်သူ့အကျိုးဆောင်ရွက်သော "ပြည်သူ့အကျိုးဆောင်" များဖြစ်၍ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ လုံခြုံရေးအမြင်နှင့် နိုင်ငံတကာအမြင်စသည့် အမြင်(၅)မြင်နှင့် ရှုမြင်သုံးသပ်လုပ်ကိုင်ဆောင်ရွက်မှ ရလဒ်ကောင်းများရမည်ဖြစ်ကြောင်း၊ ပြည်သူတွေ၏ လေးစားမှုကိုလိုချင်လျှင် ရိုးသားရမည်ဖြစ်ပြီး ပြည်သူတွေ၏ အားကိုးမှုကိုလိုချင်လျှင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ လတ်တလော ကိစ္စလေးတစ်ခုတည်းအပေါ် ကျဉ်းမြောင်းသော အမြင်မထားရှိဘဲ၊ အမြင်(၅)မြင်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်စေမည့် ကျယ်ပြန့်သောအတွေးအခေါ်အမြင်များ ရှိကြရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကျယ်ပြန့်သည့် အတွေးအခေါ်အမြော်အမြင်ရှိမှလည်း ပါတီအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်မည်ဖြစ်ပါကြောင်း၊ ပါတီဝင်တိုင်းအနေနှင့် မိမိအကျိုး၊ ပါတီအကျိုးယှဉ်လျှင် ပါတီအကျိုး၊ ပါတီအကျိုးနှင့် နိုင်ငံအကျိုးယှဉ်လျှင် နိုင်ငံ့အကျိုးကို ဦးစားပေးစဉ်းစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံရေးပါတီတိုင်း၏ နည်းဗျူဟာ (လုပ်နည်း)များသည် တစ်ပါတီနှင့် တစ်ပါတီ မတူကွဲပြားကြသော်လည်း မဟာဗျူဟာ (ရည်မှန်းချက်)မှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်ဆိုသည့် ရည်ရွယ်ချက်ချင်း ကတူညီကြပါကြောင်း၊ နိုင်ငံတော်တစ်ခုလုံးနှင့်သက်ဆိုင်သည့် အမျိုးသားအကျိုးစီးပွားကိစ္စများတွင် မတူသည်များ ဘေးဖယ်ထားပြီး တူညီသောရည်ရွယ်ချက်အတွက် ပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်း မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြို(ခ)ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ကယန်းအမျိုးသားပါတီ၊ မြန်မာနိုင်ငံရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ၊ ကရင်ပြည်သူ့ပါတီ၊ "ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ တအာင်း (ပလောင်အမျိုးသားပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ၊ ဝံသာနုဒီမိုကရက်တစ်ပါတီ၊ ခေတ်သစ်ပြည်သူ့ပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၊ ပြည်သူ့ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ မြန်မာ့လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသားကွန်ဂရက်ပါတီ၊ ကရင်ဒီမိုကရက်တစ်ပါတီ၊ တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ခနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ မွန်ဒီမိုကရေစီပါတီ၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက ပါတီအလိုက် ပါတီလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်လိုအပ်ချက်များကို အကျယ်တဝင့်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပံ့ပိုးဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❀ ကျောဖုံးမှ

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကဏ္ဍများခွဲခြား၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုကဏ္ဍ၊ ဥပဒေကဏ္ဍ၊ နိုင်ငံတော်အဆင့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ အစိုးရအချင်းချင်းသာမက ပုဂ္ဂလိကအချင်းချင်းပူးပေါင်းဆောင်ရွက်မှု အလေးအနက်ထား ဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှု၊ အားကစား၊ လျှပ်စစ်မီး၊ သောက်သုံးရေ၊ ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးကဏ္ဍများနှင့် တက္ကသိုလ်၊ ဆေးရုံများ အဆင့်မြှင့်တင်ရေး၊ တိုင်းရင်းသားအဖွဲ့အစည်းများအတွက် လိုအပ်သောအကူအညီများ ကူညီထောက်ပံ့ရေးကိစ္စရပ်များကိုဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံဝန်ကြီးချုပ် လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွတ်လပ်အမွေ ထွက်မြတ်ပေ၏

❂ မျှော်ကြည့်လေတိုင်း၊ မှုံမှိုင်းပြာဝေ
သာသည့်မြေလျှင်၊ မြောက်လေသွေးစ
နှင်းလွလွဖွေး၊ ချမ်းမြအေးလျက်
ပျံ့မွှေးသဇင်၊ ဂမုန်းအင်တို့
စိုလွင်တင့်ဆန်း၊ ဖူးပွင့်လန်းပြီ
ဆောင်းချမ်းကာလရောက်ပြီကို။

❂ နှင်းမှုံကြားမှာ၊ ဝင့်ကြွားအောင်လံ
လေညှင်းထန်သော်၊ မိုးယံထိုးဖောက်
အံ့လောက်ဖွယ်ရာ၊ တင့်တယ်စွာလျှင်
လေမှာလွင့်ပျံ၊ အောင်ပွဲခံလျက်
အားမာန်ပြည့်ဝ ခန့်ပေစွ။

❂ မြန်မာ့အောင်လံ၊ မိုးယံတိမ်ထဲ
လွင့်ပျံဝံ့အောင်၊ စွမ်းဆောင်ခဲ့ကြြား
ဒို့ဘိုးဘွားတို့၊ လှုပ်ရှားရန်းကန်
နယ်ချဲ့ရန်ကို၊ တွန်းလှန်ခဲ့စဉ်
တိုက်ပွဲဝင်လျက်၊ အသက်ကိုပေး
အသွေးကိုလှူ၊ ဒို့ပြည်သူတွက်
ကြည်ဖြူလျက်သာ၊ စွန့်လွှတ်ပါ၍
ပြည်ရွာငြိမ်းချမ်း၊ လွတ်လပ်ပန်းကို
ဆွတ်လှမ်းနိုင်ခဲ့ပါလေ၏။

❂ ဒို့ဘိုးဘွားတို့၊ ကြိုးစားပေးအပ်
လွတ်လပ်အမွေ၊ ထွက်မြတ်ပေ၏
ဒို့တွေပေါင်းစု၊ ညီညွတ်မှုဖြင့်
ပြုစုပျိုးထောင်၊ လုံအောင်စောင့်ကြပ်
ဝန်းခတ်ရံကာ၊ ထိန်းသိမ်းပါမှ
ဒို့မှာ တာဝန်ကျေလိမ့်တကား။ ။

ညွှန့်လှိုင်ဝင်း (ကွမ်းခြံကုန်း)

❄ ကျောဖုံးမှ

ဝယ်ယူခြင်းကို ချက်ချင်းထပ်မံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီက ဇန်နဝါရီ ၃ ရက်မှစ၍ သတင်းစာများတွင် အများသိအောင် ကြေညာသွားရေးဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ယခုနှစ်ထွက် မိုးစပါးများအား ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းက ပထမအကြိမ်အဖြစ် အရန်ဆန် တန်ချိန် ၁၅၉၀၀ ကို စပါးတင်း ၁၀၀ ငွေကျပ် ၃ ဒသမ ၄ သိန်းကျော်ဈေးနှုန်းဖြင့် ဝယ်ယူပေးခဲ့ပြီးဖြစ်ရာ ယခု ဒုတိယအကြိမ်အဖြစ် ဝယ်ယူမည် ဖြစ်ကြောင်း၊ ဇန်နဝါရီ ၇ ရက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဆန်စပါးအများဆုံးထွက်ရှိသည့် တိုင်းဒေသကြီးများမှ သက်ဆိုင်သည့်ဝန်ကြီးများ၊ အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဆန်စပါးနှင့်သက်ဆိုင်သည့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ ရသင့်ရထိုက်သည့် ဈေးနှုန်းရရှိစေရေး ဆွေးနွေးညှိနှိုင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တောင်သူလယ်သမားများအတွက် အဓိကလိုအပ်နေသော ယူရီးယားဓာတ်မြေဩဇာများကိုလည်း စွမ်းအင်ဝန်ကြီးဌာနက ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ကီလို ၅၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၄၀၀ ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်ကို တောင်သူလယ်သမားများအထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် သတင်းဖြန့်ဝေရေးအတွက် မိမိတို့ဌာနကလည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မတ် ၂ ရက်မှစ၍ ကျင်းပမည့် မြန်မာဆန်စက်နှင့်လယ်ယာထွက်ကုန်တန်ဖိုးမြှင့် စက်ကိရိယာများပြပွဲတွင် အလုပ်ရုံဆွေးနွေးပွဲများ၊ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ရာ လယ်ယာလုပ်ငန်းအား အထောက်အကူပြုမည့် လယ်ယာသုံးစက်ကိရိယာများ၊ ဆန်စက်နှင့် ဆန်စက်ပစ္စည်းများကို ခင်းကျင်းပြသပြီး တောင်သူလယ်သမားများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထပ်လောင်း ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁/၂၀၁၃)

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၉/၂၀၁၂)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

လေ ၂၆၀၈ ဗိုလ်မှူး သန်းထိုက်	(အစား)	လေ ၂၇၉၆ ဗိုလ်မှူး ပြည့်ဖြိုးကျော်

အမိန့်အရ
(ဝင်းကို)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးဆောင်းပါး

များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်

"တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေ၊ တို့ပြည် တို့မြေ။
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြည်"
(နိုင်ငံတော်သီချင်း ခြေဆင်းပိုဒ်မှ ကောက်နုတ်ချက်)

ကိုမြန်မာ

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည်မှာ ယခု ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဆိုလျှင် ၆၅နှစ်ပြည့်မြောက်ခဲ့လေပြီ။ ကဗျာစာဆိုကြီး မင်းသုဝဏ်၏ "ပျဉ်းမငုတ်တို" ကဗျာထဲမှ ပျဉ်းမငုတ်တိုကြီးကဲ့သို့ပင် အမိမြန်မာနိုင်ငံသည်လည်း "စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်၊ ဓားထစ်လည်းခံ၊ နေလျှံလည်းခိုက်၊ လေပြင်းတိုက်" သည့် လောကဓံအဖုံဖုံကို ကြုံခဲ့ရပြီးလေပြီ။

ဤ ၆၅နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မြန်မာနိုင်ငံတည်းဟူသော ပျဉ်းမငုတ်တိုသည် ခေတ်သစ်၊ စနစ်သစ် နွေသစ်လောင်းချိန်ဝယ် "ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍ လေပြည်ထဲတွင် ငယ်ရုပ်ဆင်"နိုင်တော့မည်လော။ မှန်းဆတွေးတော ခံစားကြည့်မိသည်။

လွတ်လပ်ရေး၏အနှစ်သာရကို မြန်မာနိုင်ငံသားတို့တင်းပြည့် ကျပ်ပြည့်ရရှိ ဖော်ဆောင်နိုင်ကြပါပြီလော။ လွတ်လပ်ရေး၏အရသာကို မြန်မာနိုင်ငံသားတို့ အပြည့်အဝ ခံစားမွေ့လျော်နိုင်ကြပါပြီလော။

အရေးကြီးလှသော ဤမေးခွန်းနှစ်ရပ်၏ အဖြေကို ဓမ္မဓိဋ္ဌာန်ကျကျ ရှာဖွေစေ့ငုရလျှင် "ရသင့်သလောက်ရခဲ့ပါသည်။ လိုအပ်နေသေးသည်များလည်း အတော်အတန် ရှိနေပါသေးသည်" ဟု ဖြေရပါလိမ့်မည်။

"ဘာတွေရခဲ့သလဲ"ဟုဆိုလျှင် လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ အရေးအကြီးဆုံးအရာဖြစ်သော "ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်"ကို ခိုင်ခိုင်မာမာရရှိခဲ့ပါသည်ဟု ဖြေရပါမည်။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးပိုင်ခွင့်က အဘယ်ကြောင့် နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်ရပါသနည်း။ အလွန်ရှင်းပါသည်။ သူ့ကျွန်ဘဝရောက်ခဲ့သည့် ရာစုနှစ်တစ်စုစာခန့်အတွင်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူအပေါင်းတို့သည် သူ့ကျွန်ပီပီ သူတစ်ပါးခိုင်းသမျှလုပ်၍ သူတစ်ပါးကျွေးသမျှသာ စားခဲ့ကြရသည်။ သူတစ်ပါးစွန့်ကြဲသမျှနှင့် အားရကျေနပ် နှစ်သိမ့်ခဲ့ကြရသည်။ ယုတ်စွအဆုံး နိုင်ငံ၏အမည်ကိုပင် ကိုယ့်မင်းကိုယ့်ချင်းဘဝက "မြန်မာ"ဟူသောအမည်မှ ဘိုသံနှော၍ "ဘားမား"ဖြစ်ခဲ့ရသည်။ "ဘားမား"ဟုဆိုရာ၌ပင် ရိုးရိုးသားသား သီးသီးသန့်သန့် "ဘားမား" ရသည်မဟုတ် "ဗြိတိသျှဘားမား"ဟူ၍ ကိုလိုနီဆရာသခင်တို့၏ ပိုင်ရှင်အမည်တွဲကာ ကျွန်ဖြစ်ကြောင်း အထူးပြုသည့်ဝိသေသနထည့်ခဲ့ရသည်။

အချို့သောပညာရှင်များက ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံသည် အာရှတိုက်၏စပါးကျီဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ တက္ကသိုလ်ပညာရေးစနစ်သည် လွန်စွာအဆင့်အတန်းမြင့်ခဲ့သည်ဟု ထောက်ပြကြသည်။ မှန်ပါ၏။ သူ့ကျွန်ဘဝ၌ ကောင်းကွက်များလည်းရှိပါသည်။ သို့ရာတွင် ထိုကောင်းကွက်များမှာ ကိုလိုနီအရှင်သခင်များက ယင်းတို့၏ဗြိတိသျှအင်ပါယာကြီး အကျိုးစီးပွားအလို့ငှာ လိုသလောက်သာ ဖန်တီးယူသွားခြင်းဖြစ်ပြီး မြန်မာပြည်နှင့် မြန်မာပြည်သူတို့၏ အကျိုးစီးပွားအတွက် လုံးလုံးကြီးမဟုတ်သည်ကို သတိချပ်သင့်ပါ၏။

ကိုလိုနီခေတ်က တက္ကသိုလ်ပညာရေးစနစ်သည် အဆင့်မြင့်ပါ၏။ သို့သော် ဗြိတိသျှအင်ပါယာအတွက် လက်တစ်ဆုပ်စာ မြို့အုပ်၊ မြို့ပိုင်၊ ဗျူရိုကရက်လောင်းများကို ဦးစားပေး မွေးထုတ်သော ကိုလိုနီယန္တရား လည်ပတ်မောင်းနှင်ရေးကွင်းဆက် ရေပေါ်ဆီ ကျွန်ပညာရေးစနစ်သာဖြစ်ပါ၏။ ကျွန်ဘဝသက်တမ်းကာလတစ်လျှောက်လုံး မြန်မာတက္ကသိုလ်များက နိုင်ငံအတွက်၊ ပြည်သူအတွက် အထူးလိုအပ်သည့် ဆရာဝန်၊ အင်ဂျင်နီယာ၊ အသိအတတ်ပညာရှင်များ မည်မျှ မွေးထုတ်ခဲ့ပါသနည်း။ ရှေးမြန်မာမင်းများလက်ထက်က ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးဖြင့် လူတိုင်းလိုလို စာတတ်ခဲ့ကြသည်။ မြန်မာနိုင်ငံသည် ကိုလိုနီကျွန်ခေတ်ရောက်မှ အဘယ်ကြောင့် စာတတ်မြောက်မှုနှုန်း အလွန်အမင်း ကျဆင်းသွားခဲ့ရပါသနည်း။ အကယ်၍သာ ကိုလိုနီပညာရေးစနစ်သည် နိုင်ငံနှင့်ပြည်သူအတွက် အမှန်တကယ် အကျိုးရှိမည်ဆိုပါက ကျွန်ပညာရေးကိုဆန့်ကျင်သော ကျောင်းသားသပိတ်ကြီးနှစ်ခုနှင့် အမျိုးသားကျောင်း၊ အမျိုးသားနေ့တို့ မြန်မာနိုင်ငံသမိုင်းတွင် ပေါ်ပေါက်လာစရာမရှိပါပေ။

အလားတူပင် ကိုလိုနီခေတ်က မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးရေးလုပ်ငန်း အလွန်အမြန်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်မှန်ပါ၏။ သို့သော် ယင်းဆန်စပါးလုပ်ငန်းမှ အကျိုးအမြတ်များသည် မည်သူတို့အတွက်သာ ဖြစ်ခဲ့ပါသနည်း။ ဘုံဘေဘားမား၊ စတီးဘရားသားစသော ဗြိတိသျှကုမ္ပဏီကြီးများ၊ နိုင်ငံခြားသားကုန်သည်များနှင့် ငွေတိုးချေးစားသူ ချစ်တီးတို့၏ အကျိုးစီးပွားအတွက်သာ ဖြစ်ခဲ့သည် မဟုတ်တုံလော။ မြန်မာတောင်သူလယ်သမား ဆင်းရဲသားနင်းပြား ဘတို့ဘဝမှာ လူခွန်၊ မြေခွန်နှိပ်စက်၊ ကမ္ဘာ့စီးပွားရေးကပ်ပျက်နှင့် အတိုးတွင် ခါးကျိုးအောင် လုပ်ပါသော်လည်း ကောက်ဆွနှင့် ဆန်ကောပင် ပြောနိုင်မှ ကျန်သည့်ဘဝ၌ ကိုလိုနီစစ် အင်အားကို တုတ်ဓားတို့ဖြင့် ရင်ဆိုင်အန်တုကာ သာယာဝတီဆရာစံ၏ သုပဏ္ဏ ဂဠုန်တပ်ဖြင့် လယ်သမားသူပုန်ထခဲ့ကြရသည်။ စစ်ကြိုကာလ၌ မြန်မာ့လယ်ယာမြေတို့၏ ဧရိယာထက်ဝက်ခန့်မှာ အမှန်တကယ် လယ်မလုပ်သော ချစ်တီးတို့ လက်တွင်းသို့ သက်ဆင်းရောက်ရှိသွားခဲ့ပြီဖြစ်ရာ ကမ္ဘာစစ်သာမဖြစ်၍ ကိုရွှေချစ်တီးတို့ ပြည်ကြီးမပြန်ဘဲ ဆက်၍သာ လွတ်လွတ်လပ်လပ် သွေးစုပ်ခွင့်ရခဲ့လျှင် တစ်နိုင်ငံလုံးရှိသမျှ လယ်ယာမြေအားလုံး ယင်းတို့လက်တွင် ရောက်ရှိသွားမည်မှာ သေချာလှပါ၏။

ကိုလိုနီကျွန်ဘဝတွင် မြန်မာနိုင်ငံသားအများစုကိုးကွယ်သည့် ဗုဒ္ဓသာသနာကို ယင်းကိုလိုနီသခင်များ မည်မျှချိုးမြှောက်ခဲ့ပြီး အမျိုးဘာသာ၊ သာသနာကို မည်မျှထွန်းကားစည်ပင်အောင် အားပေးဆောင်ရွက်ခဲ့ပါသနည်း။ နန်းစဉ်ရတနာများမှ အစ၊ ဘုရားဌာပနာအဆုံး၊ ဘုရားပရိဝုဏ်အတွင်းမှ ကြေးဆင်းတုနှင့် ကြေးခေါင်းလောင်းပါမကျန် ခိုးဝှက်လုယူခဲ့ကြသည့် လုပ်ရပ်များနှင့် ဘုရားရင်ပြင်တွင် ဖိနပ်စီး၊ ရွှေတိဂုံကုန်းတော်တွင် စစ်သချိုင်းလုပ်သည်အထိ အပြုအမူတို့ကို မြန်မာနိုင်ငံသားတို့ အံကြိတ်တက်ခေါက်ကာ ခေါင်းငုံ့ခံခဲ့ကြရသည် မဟုတ်ပါလော။

တိုင်းရင်းသားများအရေးတွင်လည်း မဖွံ့ဖြိုးသေးသည့်အတွက် တောင်တန်းဒေသများကို ခွဲခြား အုပ်ချုပ်ခဲ့ရပါသည်ဟူ၍ အကြောင်းပြခဲ့သော်ငြား နှစ်ပေါင်းများစွာကြာ၍ လွတ်လပ်ရေးရသည့်တိုင်အောင် တိုင်းရင်းသားဒေသများ၌ တိုင်းခြားသာသနာပြုအဖွဲ့ပိုင် အဆောက်အအုံအနည်းငယ်မှလွဲ၍ တူတူတန်တန် ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတား၊ ရေ၊ မီး စသည်တို့ ရှိခဲ့ပါ၏လော။ ပဒေသရာဇ်နယ်များ၌ အရက်ဝိုင်း၊ ဖဲဝိုင်း၊ လောင်းကစားနှင့် ဘိန်းခန်းများသာ မင်းမူနေခဲ့သည် မဟုတ်ပါလော။

အဆုံးစွန်ဆိုရပါက အိန္ဒိယနိုင်ငံ ချောင်ကြိုချောင်ကြား ရတနာဂီရိတောအုပ်တွင် ဇာတ်မြုပ်ခံထားရသည့် မြန်မာဘုရင်သီပေါမင်းတရား သက်ရှိထင်ရှားရှိနေပါလျက်နှင့် သူ့ထီး သူ့နန်း သူ့ကြငှန်းကို ချိုးပအမွှမ်းတင်ကာ ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေကြောင်း "God save the king" ဘုန်းတော်ဘွဲ့သီချင်း၊ အောင်ဆုသြဘာ၊ မင်္ဂလာဖြင့်" အစချီ ဘုန်းတော်ဘွဲ့ရတုများဖြင့် ရှိသေတုပ်ကွ၊ ဂါရဝပြုခဲ့ကြရသည့် ကံဆိုးလှသော ကျွန်ဘဝဖြစ်ပေတော့သည်။

ထို့ကြောင့်လည်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မြန်မာ့လွတ်လပ်ရေးရရှိသည့် အခါသမယတွင် လှည်းနေ လှေအောင်းမြင်းစောင်းမကျန် မြန်မာနိုင်ငံသားအပေါင်းတို့ နှစ်ထောင်းအားရ ပျော်ရွှင်ခဲ့ကြရခြင်း ဖြစ်ပေ၏။ ကိုယ်ပိုင်သည့်မြေ၊ ကိုယ်ပိုင်သည့်ရေ၊ ကိုယ်ပိုင်သည့်ပြည်ကို သူတစ်ပါးက မတရားသိမ်းပိုက်ကာ နှစ်ပေါင်းများစွာ ရတနာကျောက်မျက်၊ တွင်းထွက်၊ ရွှေ ငွေ၊ ဆန်ရေစပါး၊ ပေါများ ကြွယ်လစ်၊ ကျွန်းသစ် ရေနံ၊ သယံဇာတ အဝဝကို အားရအောင်ယူသွားခဲ့ရာမှ အသက် သွေးချွေးများစွာ စတေး၍ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်၍လည်း တန်ဖိုးထား၍ မြတ်နိုးကြရခြင်းဖြစ်သည်။

စင်စစ် ကမ္ဘာတစ်လွှား၌ ရာစုနှစ်များစွာ လူမျိုးသာရှိ နယ်မြေမရှိ၍ အခြေတကျနိုင်ငံ မထူထောင်နိုင်ကြသည့် လူ့အဖွဲ့အစည်းပေါင်းများစွာ ကန္တာရထီးထီး၊ လွင်တီးခေါင်ခေါင်၊ ပူလောင်စပ်ခါး၊ ရေလည်းရှားသည့် ပစ္စန္တရာဇ်သာသာ၊ မြေနေရာ ကျဉ်းကျဉ်းကိုပင် အသက်ချင်းလောင်းကြေးထပ်၍ အလုအယက် အပြိုင်အဆိုင်ခြေချနိုင်ရန် ကြိုးစားနေကြရသည့် လူ့အဖွဲ့အစည်းပေါင်းများစွာတို့နှင့် နှိုင်းယှဉ်ပါက ကိုယ်ပိုင်ရေမြေသယံဇာတအကြွယ်ဝကြီး ကြွယ်ဝသည့် ဤအမိမြေ မြန်မာနိုင်ငံကို လက်ဆုပ်လက်ကိုင်ပိုင်ပိုင်ကြီး ပြန်လည်ရယူနိုင်ခြင်းသည်ပင် အတုမရှိသည့် ထုတိမင်္ဂလာကြီးဖြစ်တော့သည်။

တစ်ဖန်ရပြီးပြန်သည့် ဤလွတ်လပ်ရေးရတနာကို ကြာရှည်တည်တံ့အောင် ထိန်းသိမ်းရေးမှာလည်း ကမ္ဘာ့လူဦးရေအများဆုံးနှင့် အကြီးမားဆုံးစာရင်းဝင် နိုင်ငံကြီး နှစ်နိုင်ငံအကြား မလူးမလွန့်သာ ရပ်တည်နေရသော မြန်မာနိုင်ငံအတွက် သိမ်မွေ့ခက်ခဲရုံမျှမက ကာယသတ္တိရော၊ ဉာဏဗျတ္တိအရည်အသွေးများပါ အလိုကြီး လိုအပ်လှသော အဓိကအမျိုးသားရေး အကျိုးစီးပွားကြီးပင်ဖြစ်ပေ၏။ လွတ်လပ်ရေး ရပြီး နှစ်ပေါင်း ခြောက်ဆယ်ကျော်ကာလအတွင်း အရေးအခင်းအဖုံဖုံ စုံလင်လှသော ပြဿနာအခက်အခဲအပေါင်းတို့ဖြင့် ခရောင်းလမ်းကိုကျော်ဖြတ်ခဲ့ရသည့်တိုင် နိုင်ငံ၏ပိုင်နက်နယ်မြေ တစ်လက်မမျှ သူတစ်ပါးထံ အထိပါးမခံ၊ နိုင်ငံ၏အချုပ်အခြာအာဏာကို တစ်စိုးတစ်စိမျှ အတိမ်းပါးမခံ၊ နိုင်ငံ၏ပုံသဏ္ဌာန်ကို မူလအတိုင်း တင်ကျန်နေအောင် နိုင်ငံသားကောင်းတို့၏အသက်၊ သွေး၊ ချွေးတို့ဖြင့် ထိန်းသိမ်းနိုင်ခဲ့သည်မှာလည်း မော်ကွန်းထိုးလောက်သည့် အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ပါ၏။ ဖြတ်သန်းလာခဲ့ရသည့် လွတ်လပ်ရေးသမိုင်းတစ်လျှောက်တွင် ကမ္ဘာ့စစ်အေးတိုက်ပွဲကာလအတွင်း မဟာအင်အားကြီးအုပ်စုနှစ်ခု၏ အပြိုင်ပါဝင်စွက်ဖက် လွှမ်းမိုးမှုကြောင့် အချို့နိုင်ငံငယ်များ နှစ်ခြမ်းကွဲခဲ့ကြသလို၊ အချို့နိုင်ငံများမှာ အစိတ်စိတ် အမြွှာမြွှာ ကွဲကြေပျက်သုဉ်းသွားခဲ့ကြချိန်၌ မဟာဗျူဟာအချက်အချာကျသည့် ဤမြေပေါ်တွင် ခိုင်ခိုင်မာမာ တစ်စုတစ်စည်းတည်း ရပ်တည်မြဲရပ်တည်နိုင်ခဲ့သည်မှာ များစွာ လွယ်ကူလှသည်တော့ မဟုတ်ပေ။

မှန်၏။ နိုင်ငံတစ်ခုဖြစ်တည်ရန် ခက်လှသကဲ့သို့ တည်တံ့ခိုင်မာစွာ ကြာရှည်ရပ်တည်နိုင်ရေးမှာလည်း ခက်ခဲလှစွာ၏။ မိမိတို့နိုင်ငံသည် နိုင်ငံအဖြစ်တည်တံ့နေရေးမှာလည်း နိုင်ငံသားအားလုံးအတွက် အသက်တမျှ အရေးကြီးလှသော အကျိုးစီးပွားဖြစ်၏။ အဘယ်ကြောင့်ဆိုသော် နိုင်ငံမရှိလျှင် နိုင်ငံရေး (နိုင်ငံ၏အရေးကိစ္စ) ဟူသည်မရှိနိုင်သောကြောင့်ဖြစ်၏။ ထို့ကြောင့် နိုင်ငံဟူသည် နိုင်ငံရေး၏ "နတ်နေကိုင်း"သဖွယ် ဖြစ်သည်ကို နိုင်ငံရေးလုပ်သော နိုင်ငံရေးသမားတိုင်း သိထားသင့်လှသည်။

သို့တစေ အခြေခံကျလှသော လွတ်လပ်ရေးကြီးကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်ခဲ့သည့် တိုင်အောင် လွတ်လပ်ရေး၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ အရသာကိုမူ မြန်မာနိုင်ငံသားတို့ တင်းပြည့် ကျပ်ပြည့် ရယူခံစားနိုင်ခဲ့ခြင်းကားမရှိပေ။ နှစ်ပရိစ္ဆေဒကြာရင့်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှု၊ ယင်းနှင့်အတူတကွပါလာသည့် မဖွံ့ဖြိုး မတိုးတက်မှု၊ ဆင်းရဲချမ်းသာ ကွာဟချက်နှင့် စီမံခန့်ခွဲမှုအလွဲများ၊ ခေတ်စနစ်၏ အားနည်းချက်များစသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် ပြည်ထောင်စုဖွား ညီနောင်သွေးချင်းများတို့မှာ ဆင်းရဲတွင်းမှ မတက်နိုင်၊ ငြိမ်းချမ်းလုံခြုံစွာ မနေထိုင်နိုင်ဘဲရှိကြရသည်။

တစ်နည်းဆိုသော် လွတ်လပ်ခြင်း၏အနှစ်သာရဟူသည်မှာ နိုင်ငံနှင့် နိုင်ငံသားပြည်သူများ၏ အကျိုးစီးပွားများအပေါ် ထိပါးနှောင့်ယှက်၊ ခြိမ်းခြောက်ဖျက်ဆီးမှုရန်မှ ကင်းလွတ်ခြင်းပင်ဖြစ်သည်။ ယေဘုယျအားဖြင့်ခြုံ၍ဆိုရလျှင် ကြောက်ရွံ့ စိုးရိမ်မှု၊ သောကပရိဒေဝများမှလွတ်ကင်း၍ အေးချမ်းလုံခြုံစွာနေရခြင်းနှင့် လိုအပ်ချက်၊ မပြည့်စုံမှုများကြောင့် ကြောင့်ကြပူပန်ရမှုများမှ လွတ်ကင်း၍ ပြည့်စုံဖူလုံစွာနေရခြင်းတို့သည်ပင် လွတ်လပ်ခြင်း၏ အနှစ်သာရနှင့် အရသာပင်ဖြစ်တော့သည်။ ဤသည်ပင် ပြည်သူတို့၏ မူလဘူတ ရပိုင်ခွင့်၊ ရသင့်ရထိုက်သော အခွင့်အရေးများဟု ဆိုနိုင်သည်။ ထို့အပြင် ပြည်သူတို့ လိုလားတောင့်တသည့် ပြည်သူတို့၏ဆန္ဒလည်းဖြစ်သည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်သူများကိုယ်တိုင် ရွေးကောက်တင်မြှောက်ထားသော အစိုးရက ယင်းပြည်သူ့ဆန္ဒများကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံရေး၊ စီးပွားရေး ခေတ်ပြောင်း စနစ်ပြောင်း ပြုပြင်ပြောင်းလဲမှုများကို အင်တိုက်အားတိုက် မနားမနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်သူလူထု၏ဘဝ လုံခြုံအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးနှင့် စားဝတ်နေရေးဖူလုံရေးတို့ကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ရမည့် ပြည်သူ့ဆန္ဒများအဖြစ် အခွင့်အခါသင့်တိုင်း အမြဲမပြတ် လမ်းညွှန် မိန့်ကြားခဲ့သည်။

ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စိုးရိမ်မှုကင်း၍ လုံခြုံအေးချမ်းစွာနေထိုင်ရေးအတွက် အဓိကလိုအပ်ချက်များမှာ နိုင်ငံလုံခြုံရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ပင်ဖြစ်သည်။

ကမ္ဘာ့မဟာဗျူဟာ အချက်အချာမဏ္ဍိုင်ဖြစ်လာသည့် အာရှပစိဖိတ်ဒေသ၌ အရေးပါသောပေါင်းကူးနေရာတွင် ရပ်တည်နေသည့် မြန်မာနိုင်ငံသည် မိမိ၏အမျိုးသားလုံခြုံရေးအတွက် ကာကွယ်ရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး စသည့်ကဏ္ဍအသီးသီးတွင် အားမြှင့်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်း ငြိမ်းချမ်းရေးရယူရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆွေးနွေး၍ စနစ်တကျ ငြိမ်းချမ်းရေးမဟာဗျူဟာချမှတ်ကာ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်စုံနည်းလမ်းများဖြင့် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အပတ်တကုတ် အားထုတ်ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံရေးတည်ငြိမ်မှုအတွက်လည်း ဖြစ်ပေါ်လာသည့် အရေးအခင်းကိစ္စများ၌ နိုင်ငံရေးအင်အားစုအသီးသီးနှင့် ထိတွေ့ဆက်သွယ်ညှိနှိုင်းကာ စိတ်ကောင်း စေတနာအရင်းခံ၍ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုများဖြင့် ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်။

ပြည်သူတို့၏ စားဝတ်နေရေးလိုအပ်ချက်၊ မပြည့်စုံမှုများကို ဖြည့်ဆည်းပေးရန် အတွက်လည်း လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အခြေခံကျကျ အရှိန်မြှင့်ဖော်ဆောင်လျက်ရှိသည်။ စာရင်းများအရ မြန်မာနိုင်ငံလူဦးရေ၏ (၂၆)ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးလျက်ရှိပြီး ယင်းတို့အနက်မှ အများစုမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်သည့်အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ ပဓာနအကျဆုံး ဦးစားပေးအစီအစဉ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ရည်မှန်းချက်မှာ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီနိုင်ရေးအတွက် လာမည့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုအချိုးအစားကို ၁၆ရာခိုင်နှုန်းအထိ လျှော့ချရန်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ပေါ်ထွက်လာစေရေးအတွက် အခြေခံကျသော စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲမှုများကိုလည်း အခြားတစ်ဖက်မှ စဉ်ဆက်မပြတ်လုပ်ကိုင်ရလျက်ရှိသည်။ တိုတောင်းသောအချိန်ကာလအတွင်းမှာပင် အရေးပါသော မက္ကရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သကဲ့သို့ မရှိမဖြစ်လိုအပ်နေသည့် ဥပဒေများကိုလည်း စနစ်တကျ ပြုစုချမှတ်ပြဋ္ဌာန်းနိုင်ခဲ့သည်။

ပြည်သူကိုဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံဖွံ့ဖြိုးရေး နှစ်တို နှစ်ရှည် အမျိုးသားစီမံကိန်းများကိုလည်း ပြည်တွင်း၊ ပြည်ပပညာရှင်များနှင့် တိုင်ပင်ဆွေးနွေး၍ ရေးဆွဲပြုစုလျက်ရှိသည်။

သို့သော်ငြားလည်း မည်သည့်နေရာ၌မဆို ကောင်းဆိုးနှစ်တန်၊ ကြုံမြဲမှန်သည့် လောကဓံတရားအရ အပြုသဘောတိုးတက်အောင်မြင်မှုများနည်းတူ စိန်ခေါ်မှုများ၊ အခက်အခဲ၊ ပြဿနာများလည်း ဒွန်တွဲ၍ပါလာတတ်သည်မှာ ဓမ္မတာပင်ဖြစ်သည်။

အထူးသဖြင့် ဒီမိုကရေစီခေတ်သစ်၊ စနစ်သစ်တစ်ရပ်ဆီသို့ အောက်ခြေမှစ၍ ပြောင်းလဲပြုပြင်နေသည့် အလှည့်အပြောင်းကာလတွင် နိုင်ငံရေးအရ ပွင့်လင်းလွတ်လပ်မှုနှင့်အတူ လူမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ဟန်ချက်ညီညီ အချိန်မီ ပေါက်မြောက်အောင်မြင်မှုများရရှိအောင် ဆောင်ရွက်နိုင်ရန်မှာ အရေးကြီးလှသည်။

ပွင့်လင်းလွတ်လပ်မှု (ဂလပ်စနော့)ကို တက်သုတ်ရိုက်ဆောင်ရွက်ခဲ့ပြီး လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှု (ပဲရက်စထရွိုက်ကာ)တွင် မလွှဲမရှောင်သာ အထနှေးခဲ့သည့်အတွက် နိုင်ငံရေးအရ ကြီးမားစွာထိခိုက်သက်ရောက်မှုရှိခဲ့သော ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်း၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုသင်ခန်းစာကို ရယူသင့်ပေသည်။

ထိုသို့နိုင်ငံရေး၊ စီးပွားရေးဟန်ချက်ညီညီ ပေါက်မြောက်အောင်မြင်အောင် ပြုပြင်ပြောင်းလဲနိုင်ရေးမှာ နိုင်ငံတော်အပိုင်းတွင် တောင့်တင်းအားကောင်းခိုင်မာသော ခေါင်းဆောင်မှု Strong Leadership၊ အဂတိလိုက်စားမှုကင်းရှင်း၍ ဖြောင့်မတ်တည်ကြည်သောအစိုးရ Clean Government နှင့် ကောင်းမွန်ထိရောက်သော အုပ်ချုပ်မှုစနစ် Good Governance တို့ လိုအပ်သည်။

ထို့အတူ ပြည်သူကို ဗဟိုပြုသောဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းများ၏ စိတ်အားထက်သန်တက်ကြွသော ပါဝင်ပူးပေါင်းဆောင်ရွက်မှု လိုအပ်သကဲ့သို့ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးအင်အားစုများအားလုံးကလည်း နိုင်ငံနှင့် ပြည်သူအားလုံး၏ ဘုံအကျိုးစီးပွားအတွက် တစ်စိတ်တစ်ဝမ်းတည်း ဝန်းရံပါဝင်ကြရန် လိုအပ်လှပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အစိုးရဌာန အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာအစိုးရဌာနအကြီးအကဲအသီးသီးသို့ လမ်းညွှန်မိန့်ကြားခဲ့ရာ၌ ပထမအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဖြစ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတာဝန်၊ ဒုတိယအဆင့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အဖြစ် ပြည်သူဗဟိုပြုလူမှုစီးပွားရေး ပြုပြင်ပြောင်းလဲမှုကို သတ်မှတ်ဆောင်ရွက်ခဲ့ပြီးနောက် ယခုအစိုးရဌာန အဖွဲ့အစည်းများ၏ စီမံအုပ်ချုပ်မှုစနစ်တိုးတက်ကောင်းမွန်အောင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ တတိယအဆင့်လုပ်ငန်းအဖြစ် သတ်မှတ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါသမ္မတကြီး၏လမ်းညွှန်မိန့်ကြားချက်တွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တိုင်း၌ တွေ့ကြုံရမြဲဖြစ်သော အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အရေးပါသော မှာကြားချက်တစ်ရပ်ပါရှိပါသည်။ ယင်းမှာကြားချက်မှာ "ယနေ့အချိန်အခါသည် နိုင်ငံသား တစ်ဦးချင်းစီအနေဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့အစည်း အသီးသီးအနေဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီအားလုံးအနေဖြင့်လည်းကောင်း ကျရာကဏ္ဍမှ စိတ်ရင်းစေတနာကောင်းဖြင့် လုပ်ဆောင်နိုင်မည်ဆိုလျှင် မိမိတို့ကြုံတွေ့နေရသော အခက်အခဲ၊ စိန်ခေါ်မှုအားလုံးကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး ငြိမ်းချမ်းသာယာသည့် အနာဂတ်မြန်မာနိုင်ငံသစ်ကို မျှော်မှန်းနိုင်မည်ဖြစ်ပါကြောင်း" ဟူ၍ ဖြစ်သည်။

သမ္မတကြီး၏ ဖြူစင်သော စိတ်ကောင်းစေတနာ၊ ကျယ်ပြန့်သောသဘောထား၊ ကြီးမားသော အမြော်အမြင်ဖြင့် တိုက်တွန်းပြောကြားသွားခဲ့သည့်အတိုင်း နိုင်ငံသားပြည်သူတစ်ရပ်လုံးက ညီညာဖြိုဖြို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့မြန်မာနိုင်ငံတော်ကြီးသည် နိုင်ငံတော်သီချင်းပါ စာသားအတိုင်း- တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ငြိမ်းချမ်းခြင်း၊ ကြွယ်ဝခြင်းများနှင့် ပြည့်စုံကာ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာကြီးမားတင့်တယ်သည့် တိုင်းပြည်နှင့် လူမျိုးအဖြစ် ပွဲလယ်တင့်နိုင်ကြမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

၂၀၁၃ ခုနှစ်၊ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံးမျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

၃။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး၊ ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်ရေး၊

၄။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ ၏ အကျိုးစီးပွား ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ဖော်ဆောင်ပေးရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များ တိကျမှန်ကန်ဖြောင့်မတ်ရေးတို့အတွက် မဆုတ်မနစ် ကြိုးပမ်းဖော်ဆောင်ရေး။

ပြည်တွင်းသတင်း

သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၃

နိုင်ငံတော်အစိုးရ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကြောင့် ပုဂ္ဂလိကပိုင်းက ရင်းနှီးမြှုပ်နှံဆောင်ရွက်မှုများ တိုးတက်လာသည်ကို အားလုံးတွေ့မြင် ကြားသိနေကြမည်ဖြစ်ကြောင်း။

နွေရာသီတွင် ဓာတ်အားလုံလောက်စွာ မဖြန့်ဖြူးနိုင်သော အခက်အခဲများကို သင်ခန်းစာယူ၍ အခြားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများ ပိုမိုပါဝင်သည့် သင့်တော်သော Fuel Mix ပုံစံပြောင်းလဲ ဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရထံသို့ တင်ပြမူဝါဒ ခံယူခဲ့ကြောင်း၊ ကျောက်မီးသွေးသုံး ဓာတ်အားပေး စက်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ထုတ်လုပ်မှုကို အခြေခံဝန်အား(Base Load) ထားပြီး ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားကို အမြင့်ဆုံးဝန်အား (Peak Load) အချိန်များတွင် ဖြည့်ဆည်းဆောင်ရွက်သွားရန် မူဝါဒပြောင်းလဲချမှတ်ခဲ့ကြောင်း။

ပူးပေါင်းဆောင်ရွက်

မူဝါဒနှင့်အညီ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်နေသောကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှစ်ခု၊ MOU ထိုးပြီး Gas Engine Power Plant စီမံကိန်းသုံးခု၊ MOU ထိုးပြီး အဆင့် Gas Combined Cycle စက်ရုံစီမံကိန်းတစ်ခု၊ MOA ထိုးပြီး အဆင့် Gas Combined Cycle စက်ရုံစီမံကိန်းနှစ်ခုတို့ကို ပြည်တွင်းပြည်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

လက်မှတ်ရေးထိုး

ပြည်တွင်းပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက ပါဝင်ဆောင်ရွက်ပေးကြခြင်းဖြင့် တစ်ဖက်မှ နိုင်ငံတော်အစိုးရ၏ နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုစရိတ်ကို လျှော့ချနိုင်သလို တစ်ဖက်ကလည်း ဓာတ်အားထုတ်လုပ်မှု ပိုမိုရရှိလာသည့်အတွက် ပြည်သူတွေကို ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်းဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဇန်နဝါရီ ၂ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Union Resources & Engineering Co.,Ltd. တို့အကြား ရန်ကုန်မြို့ (သာကေတ) တွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ် အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်း ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ ပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့် Union Resources and Engineering ကုမ္ပဏီ Vice-President Mr. Guan Yukun တို့က နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါအခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တရုတ်နိုင်ငံ Union Resources and Engineering ကုမ္ပဏီနှင့် မြန်မာနိုင်ငံ Myanmar Resources and Engineering ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ရွှေပုစွန်ကုမ္ပဏီလီမိတက်၏ ပေါင်မုန့်စက်ရုံသစ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကွန်ကရစ်လမ်းသစ်များဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

ရွှေပုစွန်ကုမ္ပဏီလီမိတက်၏ ပေါင်မုန့်စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ အဆိုပါစက်ရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ ရွှေပုစွန်ကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာ ဦးတင့်စိုးလင်းနှင့် ဒါရိုက်တာ ဦးမြင့်အောင်တို့က စက်ရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရွှေပုစွန်ကုမ္ပဏီလီမိတက်၏ ပေါင်မုန့်စက်ရုံသစ်ကို ယနေ့ ဖွင့်လှစ်နိုင်သည်ဖြစ်၍ မြန်မာတိုင်းရင်းသားပိုင် နိုင်ငံတကာအဆင့်မီ လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကြောင့် ဝမ်းမြောက်ပါကြောင်း၊ ယခုအခါ အအေးနှင့်မုန့်မျိုးစုံ အရောင်းဆိုင်များအပြင် စိုက်ပျိုးရေးလုပ်ငန်းများပါ လုပ်ဆောင်နေသည်ကို သိရှိရသဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်ပါစေရန် ဆန္ဒပြုပါကြောင်း ပြောကြားပြီး ပေါင်မုန့်စက်ရုံသစ်အတွင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ရွှေပုစွန်မုန့်ဆိုင်တွင် ကိတ်မုန့်နှင့် ပေါင်မုန့်မျိုးစုံ ၁၅၀ ၊ အအေးဆိုင်တွင် အအေး ၆၄ မျိုးထုတ်လုပ် ရောင်းချလျက်ရှိပြီး ပေါင်မုန့်စက်ရုံသစ်မှ နေ့စဉ်ပေါင်မုန့် အမျိုးပေါင်း ၅၈မျိုး ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၂)ရပ်ကွက်ရှိ ရွှေလုံဗိုလ်လမ်း၊ ပေါ်ဦး(၆)လမ်းနှင့် မင်းလက်ဝါးလမ်း ကွန်ကရစ်လမ်းသစ်များဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီတွင် ရွှေလုံဗိုလ်လမ်းထိပ်၌ကျင်းပရာလမ်းဖြစ်မြောက်ရေးကော်မတီဦးစီးပဓာန နာယက သာသနာ့သာစည်ကျောင်းဆရာတော် ဦးအာဒိစ္စ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အကောင်အထည်ဖော်

ယနေ့ဖွင့်လှစ်သည့် ရွှေလုံဗိုလ်လမ်း၊ ပေါ်ဦး(၆)လမ်းနှင့် မင်းလက်ဝါးလမ်း ကွန်ကရစ်လမ်းသစ်များမှာ စုစုပေါင်းလမ်းအရှည် ပေ ၂၀၀၀ နှင့် အကျယ်၁၃ပေရှိကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဘိလပ်မြေအိတ် ၁၂၀၀ ပံ့ပိုးပေးပြီး သာသနာ့သာစည်ကျောင်းဆရာတော် ဦးဆောင်မှုဖြင့် လမ်းသူ လမ်းသားများ ထည့်ဝင်ငွေကျပ်သိန်း ၁၁၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အခြေအနေအပေါ် နိုင်ငံတော်နှင့် ပြည်နယ်အစိုးရတို့က စက်ရုံများပြင်ဆင်ဆဲကာလအတွင်း ဒီဇယ်ဓာတ်အားပေးစက်ရုံများဖြင့် ဓာတ်အားအမြန်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် လုံခြုံစေရေးနှင့် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံတော်က လျှပ်စစ်ဓာတ်အားကို တတ်စွမ်းသလောက် ပံ့ပိုးဖြန့်ဖြူးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒီဇယ်ဓာတ်အားပေးစက်ရုံ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စသည်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး ယနေ့အချိန်အထိ စုစုပေါင်းစက်တပ်ဆင်အား ၃၄၉၄ ဒသမ ၉မဂ္ဂါဝပ်ရှိကြောင်း သိရှိရသည်။

စီမံဆောင်ရွက်

နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ပြည့်မီစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်၍ ကာလတို၊ ကာလရှည် စီမံချက်များ ရေးဆွဲကာ နိုင်ငံတော်အတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်၊ နေစွမ်းအင်၊လေစွမ်းအင်၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့ စသည်ဖြင့် တည်ဆောက်လျက် ဖြန့်ဖြူးပေးရန် စီမံချက်များ ရေးဆွဲချမှတ်ပြီး စီမံဆောင်ရွက်လျက်ရှိသည်။

လက်ရှိကာလတွင် မြစ်ကြီးနားမြို့သို့ လျှပ်စစ်ဓာတ်အား ၁၀ ဒသမ ၅ မဂ္ဂါဝပ်ကို ဖြန့်ဖြူးပေးလျက်ရှိရာ မလိရေအားလျှပ်စစ်စက်ရုံ တစ်ရုံမှ စက်တပ်ဆင်အား ၃ ဒသမ ၅ ×၃=၁၀ ဒသမ ၅ မဂ္ဂါဝပ်ဖြင့် ဘူးခါးကုမ္ပဏီက တာဝန်ယူမောင်းနှင်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် သောင်းကျန်းသူများ၏ ဖျက်ဆီးမှုကြောင့် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့သို့ ဆက်သွယ်ထားသော ၆၆ ကေဗွီဓာတ်အားလိုင်း ပြတ်တောက်ပျက်စီးသွားခဲ့ရာမှ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပြတ်တောက်ခဲ့ရသည်။

နယ်မြေဒေသ လုံခြုံရေးအခြေအနေအပေါ်မူတည်၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက အဆိုပါ ပျက်စီး၊ ဖျက်ဆီးခံရသော ဓာတ်အားလိုင်း ပြတ်တောက်မှုကို အမြန်ပြန်လည် ပြင်ဆင်နိုင်ရေးအတွက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှစတင်၍ ကြိုးပမ်းစီမံဆောင်ရွက်ခဲ့ရာ မလိယန်နှင့် ကန်တော်ယန်အကြား၌ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် မိုင်းသုံးလုံး ဆက်တိုက်ဖောက်ခွဲခံခဲ့ရသည်။ လူများ ထိခိုက်မှုမရှိခဲ့သော်လည်း လုပ်ငန်းသုံးယာဉ် အချို့ပျက်စီး၍ လက်လွတ်ဆုံးရှုံးခဲ့ရသည်။

ထို့အပြင် သောင်းကျန်းသူများက ဒီဇင်ဘာ ၃၁ ရက် ည ၈နာရီ မိနစ် ၂၀ တွင် ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံ (စက်တပ်ဆင်အား ၉၉ မဂ္ဂါဝပ် မှ ဝါရှောင်-ဝိုင်းမော်သို့ သွယ်တန်းထားသော ၁၃၂ ကေဗွီဓာတ်အားလိုင်းအား ဝိုင်းမော်မြို့နယ် မန်ဝိန်းကျေးရွာအနီး တာဝါတိုင်အမှတ်(၁၇၉)၏ အောက်ခြေ အား မိုင်းသုံးလုံးကပ်၍ ဖောက်ခွဲခဲ့ခြင်းကြောင့် တာဝါတိုင်မှာ ၇၀ ဒီဂရီခန့် ယိုင်နဲ့ပျက်စီးသွားခဲ့ရာ လုံခြုံရေးအခြေအနေအပေါ်မူတည်၍ အမြန်ပြင်ဆင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ကာလတို စီမံချက်ဖြစ်သော ၂၀၁၃-၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်၏ ဓာတ်အားကွန်ရက်စနစ်သို့ဝင်ရောက်၍ အများပြည်သူသို့ တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်လျက်(၁၀၀ ရာခိုင်နှုန်း) တည်ဆောက်ပြီး ဓာတ်အားပေးစက်သုံးလုံးအား ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၁ရက်တွင် ရာနှုန်းပြည့် စက်လည်ပတ်မောင်းနှင်ကာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် ရေအားလျှပ်စစ်စက်ရုံတစ်ရုံဖြစ်သော ချီဖွေငယ် ရေအားလျှပ်စစ်စက်ရုံ(စက်တပ်ဆင်အား ၉၉ မဂ္ဂါဝပ်)အား ၂၀၁၂ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် မသမာသူအဖျက်သမားတစ်စုက စက်ရုံ၏စက်အစိတ်အပိုင်း အချို့ကို ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးမှုများပြုလုပ်သွားခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော China Power Investment C orporation (CPI)နှင့်ဆက်သွယ်၍ ပျက်စီး၊ ဖျက်ဆီးခံခဲ့ရသော စက်အစိတ်အပိုင်းများကို အလျင်အမြန် ပြုပြင်နိုင်ရေး၊ စက်ပြန်လည်မောင်းနှင်နိုင်ရေးနှင့် ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကို ဓာတ်အားလိုင်းဖြင့် သွယ်တန်း၍ မြစ်ကြီးနားမြို့သို့ ယင်းမှ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ ကသာမြို့တို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။ ပျက်စီးသွားသော အချို့သော စက်ပစ္စည်းများမှာ ထုတ်လုပ်သူထံ ပြန်လည်အပ်နှံ ဝယ်ယူရမည်ဖြစ်၍ စက်များ ပြင်ဆင်ဆောင်ရွက်ချိန်သည် အချိန်ကာလအားဖြင့် နှစ်လမှ သုံးလခန့် ကြာမြင့်နိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ မြစ်ကြီးနားမြို့သို့ လက်ရှိကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေသော မလိရေအားလျှပ်စစ်စက်ရုံ (ဘူးခါးကုမ္ပဏီပိုင်)နှင့် မကြာတော့သည့်ကာလ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည့် ချီဖွေငယ်စက်ရုံ (CPI ကုမ္ပဏီပိုင်)တို့အနေဖြင့် သောင်းကျန်းသူများကြောင့် ဖျက်ဆီးခံခဲ့ရပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ မြစ်ကြီးနားမြို့၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ရသည့် အခြေအနေအပေါ် မြို့ပေါ်နေပြည်သူများ စိတ်အေးချမ်းသာ နေထိုင်နိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား အမြန်ပြန်လည်ရရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ကချင်ပြည်နယ်အစိုးရတို့မှ စက်ရုံများ ပြင်ဆင်နေဆဲကာလအတွင်း၌ ဒီဇယ်ဓာတ်အားပေးစက်ရုံများဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ရုံတွင်း ထိန်းချုပ်ခန်းသုံး ဘက်ထရီများ ဖျက်ဆီးခံထားရသည်ကို ဤသို့ တွေ့ရသည်။

မိုင်းဖောက်ခွဲခံရခြင်းကြောင့် တာဝါတိုင်အမှတ် (၁၇၉) ယိုင်နဲ့ ပျက်စီးသွားသည်ကို ဤသို့ တွေ့ရသည်။

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ဆင်မလိုက်ဈေးသစ်ကြီးဖွင့်

အပြင်က ကြည့်လိုက်သည်နှင့် အဖြူရောင်တစ်ကန့် အပြာနုရောင်တစ်ကန့်နှင့် ထည်ထည်ဝါဝါရှိလှသော ကမာရွတ်မြို့နယ် ဆင်မလိုက်ဈေးသစ်ကြီး **(အောက်ပုံ)**ကို ၂၀၁၃ ခုနှစ် (၆၅) နှစ်မြောက်လွတ်လပ်ရေးနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၄ ရက် မင်္ဂလာအချိန်တွင် သိုက်မြိုက်ခမ်းနားစွာ ဖွင့်လှစ်လိုက်သည်။

တည်ဆောက်ထားမှုမှာ အဆင့်မြင့်ဈေးကြီး၏ အသွင်သဏ္ဌာန်အတိုင်းပင် ခံ့ထည်မှုရှိလှသည်။ ဈေးအတွင်း ဆိုင်ခန်းပေါင်း ၄၅၆ ခန်း အဓိက ဦးစားပေးတည်ဆောက်လျက်ရှိရာ ပုံကျဈေးဆိုင်ပေါင်း ၁၆၁ ခန်းပါရှိသည်ဟု သိရသည်။

ထို့အပြင် လူနေအိမ်ခန်းပေါင်း ၅၈ ခန်းပါရှိပြီး ဈေးဝယ်သူများအတွက် ကားစီးရေ ၅၀ လုံခြုံစွာ ရပ်နားနိုင်သော ကားပါကင်တစ်ခုလည်း ထည့်သွင်း တည်ဆောက်ထားသည်ကို တွေ့ရသည်။

ထူးခြားမှုတစ်ရပ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အခြားကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းတည်ဆောက်ခဲ့ခြင်း မျိုးမဟုတ်ဘဲ ကော်မတီက ဒီဇိုင်းပေးကာ ကုန်ကျမှုစရိတ်အားလုံးကိုပင် လုံးဝတာဝန်ယူလျက် Mother Construction Co.,Ltd. က တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကုန်မျိုးစုံရောင်းချသည့် အမျိုးသမီးကြီးတစ်ဦးက "ကျွန်မတို့က နဂိုဈေးဟောင်းကတည်းက ရောင်းလာတာ၊ အခုကိုယ့်ဆိုင်ခန်း စိတ်ကြိုက်ပြန်ပြင်တဲ့အတွက် ကုန်ကျစရိတ်ပဲကုန်တယ်၊ ဆိုင်ခန်းအတွက် ငွေကြေးမပေးရပါဘူး" ဟု ဆိုသည်။

ဈေးသစ်ကြီး ပြန်လည်တည်ဆောက်ခြင်းအတွက် ကုန်ကျစရိတ်အားလုံးကို မြို့တော်စည်ပင်မှပင် အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ရာ ဈေးဟောင်းတွင် တရားဝင်ရောင်းဝယ်ခဲ့သူများအနေဖြင့်လည်း ငွေကြေးတစ်စုံတစ်ရာ ပေးသွင်းစရာမလိုဘဲ မူလဆိုင်နေရာအတိုင်းပင် အကောင်းဆုံးဖြစ်အောင် စီမံချထားပေးနိုင်ကြောင်း သိရသည်။ ကြားဖူးခဲ့သော အခြားဈေးသစ်များ ဖွင့်စဉ်ကနှင့်မတူ ဈေးသည်များ၏စိတ်ချမ်းသာမှုကို အကောင်းဆုံးပေးနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်၏ မင်္ဂလာရှိသောနေ့တစ်နေ့အဖြစ် မှတ်တမ်းဝင်သွားပြီ ဖြစ်ပေသည်။

သတင်းနှင့်ဓာတ်ပုံ ဇင်ကိုကိုထက်

ပြည်တွင်းသတင်း

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံပြပွဲ မန္တလေးတွင် ကျင်းပ

မန္တလေး ဇန်နဝါရီ ၃

၂၀၁၃ ခုနှစ် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံပြပွဲဖွင့်လှစ်ခြင်းအခမ်းအနားကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှက ဖွင့်လှစ်ပေးသည်။

ပန်းချီပြခန်းကို ပန်းချီဆရာညိုပြာကလည်းကောင်း၊ ကာတွန်းပြခန်းကို ဆရာလေရှုးကလည်းကောင်း၊ ဓာတ်ပုံပြခန်းကို အိုင်တီဦးမြင့်အောင်ကလည်းကောင်း အသီးသီးဖွင့်လှစ်ပေးခဲ့ကြသည်။ ဆက်လက်၍ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက ပန်းချီ၊ ကာတွန်း၊ ဓာတ်ပုံပြပွဲ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ပြည်သူဗဟိုပြုပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို ရှင်းလင်းတင်ပြသည်။

အဆိုပါပြခန်းတွင် ကာတွန်း ၂၅ ကား၊ ပန်းချီ ၂၇၃ ကား၊ ဓာတ်ပုံ ၁၂၅ ပုံကို ပြသထားသည်။ ပြခန်းတွင် ပြသထားသည့် လက်ရာများသည် မန္တလေး ဂုဏ်ဆောင် ပညာရှင်များ၏ လက်ရာများဖြစ်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှနှင့် အဖွဲ့ဝင်များ၊ ဝါသနာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ပြခန်းကို လှည့်လည်ကြည့်ရှုသည်။ အဆိုပါပြပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး မည်သူမဆို လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသဖြင့် ကြည့်ရှုအားပေးသူများ စည်ကားလျက်ရှိကြောင်း သိရှိရသည်။

ခင်ခင်ဝင်း(ပညာရေး)

ကုန်သည်၊ စက်မှုအသင်းချုပ် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် စာရေးဆရာကျော်ဝင်းက ပစိဖိတ်အကျပ်နှင့် တရုတ်-မြန်မာ-အမေရိကန် သုံးပွင့်ဆိုင် သံခင်းတမန်ခင်းခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

အောင်သူရ

တစ်ပြည်လုံးတွင် အအေးပေါ့မည်

နေပြည်တော် ဇန်နဝါရီ ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အအေးပေါ့မည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

သန်းခေါင်စာရင်း ထည့်ကောက်ရမည့်သူများ

- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညဉ့်သန်းခေါင်ယံ)တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ရှိသူ/နေထိုင်သူများ
- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညဉ့်သန်းခေါင်ယံ) ကျော်လွန်ပြီးမှ သေဆုံးသူများ
- နိုင်ငံခြားသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသံရုံးဝန်ထမ်းများအပါအဝင် နိုင်ငံခြားတွင် နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ

ဗဟိုသန်းခေါင်စာရင်းကော်မရှင်။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

အားကစားသတင်း

နေပြည်တော် Training Centre(2) ၌ အားကစားသမားများလေ့ကျင့်

နေပြည်တော် ဇန်နဝါရီ ၃

နေပြည်တော် လယ်ဝေးမြို့ရှိ Training Centre (2) ၌ ပြေးခုန်ပစ်အားကစားသမားများ၊ ပိုက်ကျော်ခြင်းအားကစားသမားများ၊ နပန်းအားကစားသမားများနှင့် ဘိလိယက်အားကစားသမားများလေ့ကျင့်နေမှုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ဇန်နဝါရီ ၂ရက် နံနက် ၉နာရီတွင် သွားရောက်ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** Training Centre(2) အစည်းအဝေးခန်းမ၌ အားကစားတာဝန်ခံနှင့် နည်းပြများက အားကစားသမားများ A, B, C အဆင့် အုပ်စုခွဲတင်ပြမှုများကို ဖြည့်စွက်မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မိခင်နို့တိုက်ကျွေးခြင်းနှင့် အာဟာရအကြောင်း သိကောင်းစရာဟောပြော

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မိခင်နို့တိုက်ကျွေးခြင်းနှင့်အာဟာရအကြောင်း သိကောင်းစရာဟောပြောပွဲနှင့် GAVI Project ဝင်မြို့နယ်များသို့ လှူဒါန်းငွေပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး US Government Food and Nutrition Education Program for Women, Infants and Children မှ မိခင်နို့တိုက်ကျွေးရေး အတိုင်ပင်ခံ ဒေါ်သဲလ်မာထွန်းသိန်းက မိခင်နို့တိုက်ကျွေးခြင်းနှင့် အာဟာရအကြောင်း သိကောင်းစရာအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ GAVI Project ဝင် မြို့နယ်များအတွက် ငွေကျပ်သိန်းတစ်ရာကို အသင်းဥက္ကဋ္ဌက ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

၅း၃၀ **နိဗ္ဗာန်သွားတဲ့လမ်း** တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိသရာဘိဝံသ)
၆း၂၅ တစ်ဆယ့်ခြောက်ကြိမ်မြောက် ချမ်းအေးဓမ္မစာဆိုပူဇော်ပွဲ
၆း၄၅ (၆၅)ကြိမ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၈း၃၀ MRTV-4 သတင်း
၁၀း၀၀ ခေတ်သစ်ပျိုမေ
၁း၀၀ **နိဗ္ဗာန်သွားတဲ့လမ်း** တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိသရာဘိဝံသ)
၁း၄၅ ဟေမဝန်ဓမ္မဗိမာန်တော်၏ ကထိန်အလှူတော်မင်္ဂလာ
၂း၀၀ MRTV-4 သတင်း
၃း၀၀ Happy Independent 2013
၅း၁၀ မေတ္တာနန္ဒပရဟိတကျောင်း၏ ကြည်နူးဖွယ်ရာမြင်ကွင်းလေးများ
၅း၂၀ Minute to Win It
၆း၀၀ MRTV-4 သတင်း
၇း၁၅ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၁၁း၅၀ World of Knowledge (ACCESS 360, WORLD HERITAGE: THE AMAZON)
၁း၃၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ
၁း၅၅ ပကတိအတိုင်း
၂း၁၅ ဧရာဝတီ၏မြတ်သောရတနာ. . . ဧရာဝတီတံတား (စင်းခန်း)
၂း၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ ဆီထွက်ရတနာ နေကြာစိုက်ပါ
၄း၁၀ ဝင်ကတော်ရွာကလေးမှသည်. . . အနာဂတ်ရဲ့ရတနာများဆီသို့
၄း၂၀ ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
၄း၃၀ သာသနဝိပုလပရိယတ္တိစာသင်တိုက် (နမ့်ခမ်းမြို့)
၄း၄၀ စျာန်ကြွနေသည့်အလား ရှင်တော်မြတ်အားပူဇော်ပါ၏ဘုရား



ချယ်လ်ဆီး ကျူပီအာကို ရှုံးနိမ့်

အင်္ဂလိပ်ပရီမီယာလိဂ်ပွဲစဉ်(၂၁)ပြိုင်ပွဲ လက်ကျန်ပွဲအဖြစ် ချယ်လ်ဆီးနှင့် ကျူပီအာအသင်းတို့ ဇန်နဝါရီ ၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ကျူပီအာကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ပရီမီယာလိဂ် တန်းဆင်းဇုန်ရောက် ကျူပီအာက ချယ်လ်ဆီးအသင်းကို ရိုက်ဖီးလစ်၏တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ ယင်းပွဲ ရှုံးနိမ့်သွားခဲ့သဖြင့် ငါးပွဲဆက်တိုက် အနိုင်ရရှိမှုမှာ အဆုံးသတ်သွားခဲ့ရသည်။

တိုက်စစ်မှူး စတာရစ်အား လီဗာပူးစာချုပ်

လီဗာပူးက ချယ်လ်ဆီးနှင့် အင်္ဂလန်တိုက်စစ်မှူး ဒင်နီရယ်စတာရစ်ကို ပြောင်းရွှေ့ကြေးထုတ်ဖော်ပြောကြားခြင်းမရှိဘဲ စာချုပ်လိုက်ပြီ ဖြစ်ကြောင်း ကြေညာလိုက်သည်။ စတာရစ်သည် ၂၀၀၉ ခုနှစ်က ချယ်လ်ဆီးသို့ မပြောင်းမီ မန်စီးတီးတွင် သုံးနှစ်ကြာကစားခဲ့သူဖြစ်သည်။

ဂျိုကိုးလ် ဝက်စ်ဟမ်းသို့ ပြောင်းပြီ

လီဗာပူးကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် ၄င်း၏ကလပ်ဟောင်း ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရန် ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်း လီဗာပူးက ကြေညာသည်။ ၄င်းကစားသမားသည် ဆေးစစ်ဆေးမှုခံယူရန် လန်ဒန်သို့ ထွက်ခွာသွားကြောင်း လီဗာပူး၏ကြေညာချက်တွင် ဖော်ပြသည်။ ဂျိုကိုးလ်သည် ပြီးခဲ့သည့်နှစ်က ပြင်သစ်ကလပ် လိုင်လီတွင် အငှားသွားရောက်ကစားခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

တောင်တွင်းကြီး ဇန်နဝါရီ ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သစ်ဆိမ့်စုကျေးရွာ အနာဂတ်ကမ္ဘာစာကြည့်တိုက်ကကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

စာပေဟောပြောပွဲတွင် ဆတ်သွားမဟာဂန္ဓာရုံ ဘုံကျော်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် အရှင်သုမနသာရလင်္ကာရက ပညာစွမ်းအား လွန်ကြီးမားခေါင်းစဉ်၊ စာရေးဆရာမ အဆွေကြည် (ဆတ်သွား)က လောကကို အလှဆင်ပါခေါင်းစဉ်နှင့် စာရေးဆရာဘုန်းဝင်းခေါင် (မြန်မာမှု)က စာပေဂုဏ်ရည်ခေါင်းစဉ်တို့ဖြင့် ကျေးလက်နေပြည်သူများအား အသီးသီးဆွေးနွေး ဟောပြောခဲ့ကြသည်။ အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၊ ကျောင်းသားကျောင်းသူများ၊ ရွာသူ ရွာသားများက လာရောက်ပြီး စိတ်ဝင်စားစွာဖြင့် တက်ရောက်နားထောင်ကြကြောင်း သိရသည်။

ယခုကဲ့သို့ စာပေဟောပြောပွဲကို နှစ်စဉ်ကျင်းပပေးစေလိုကြောင်း၊ စာပေဟောပြောပွဲကြောင့် ကျေးလက်ပြည်သူများအသိပညာ ဗဟုသုတများစွာ ရရှိပါကြောင်းနှင့် စာပေဟောပြောပွဲဖြစ်မြောက်အောင် ဦးဆောင် ဦးရွက် ဆောင်ရွက်ပေးသည့် အနာဂတ်ကမ္ဘာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီကို အထူးပင် ကျေးဇူးတင်ပါကြောင်း ဒေသခံပြည်သူတစ်ဦးက ပြန်လည်ပြောကြားသည်။

(နိုင်ဝင်း-တောင်တွင်းကြီး)

အသက်(၄၀)နှင့်အထက် လက်ရွေးစင်ဟောင်းဘောလုံးပွဲ ကျင်းပ

မန္တလေး ဇန်နဝါရီ ၃

စစ်ကိုင်းခရိုင် အားကစားကွင်းတွင် ဇန်နဝါရီ ၁ ရက်မှ ၃ရက်အထိ ကျင်းပခဲ့သည့် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက်(၄၀)နှင့်အထက် ဘောလုံးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးကစားသမားဟောင်းအသင်းသို့ မန္တလေးမြို့မှအသင်းဝင် KENBO Co. ဒါရိုက်တာ ဦးမျိုးမင်းက ပြိုင်ပွဲအတွက် အားကစားဝတ်စုံအဝါရောင်အစုံလေးဆယ်ကို ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းက ဗထူးဘောလုံးကွင်း၌ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက လက်ခံယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယှဉ်ပြိုင်ကစား

အဆိုပါလွတ်လပ်ရေးနေ့ အထိမ်းအမှတ် သုံးပွင့်ဆိုင်ဘောလုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး လက်ရွေးစင်ဘောလုံးကစားသမားဟောင်းများက ကြီးမှူး၍ ဇန်နဝါရီ ၁ ရက်တွင် စစ်ကိုင်း (ခ) အသင်းနှင့် မန္တလေးအသင်း၊ ဇန်နဝါရီ ၂ ရက်တွင် စစ်ကိုင်း(ခ)အသင်းနှင့် စစ်ကိုင်း (က)အသင်း၊ ဇန်နဝါရီ ၃ ရက်တွင် စစ်ကိုင်း (က) အသင်းနှင့် မန္တလေးအသင်းတို့ စစ်ကိုင်းခရိုင်အားကစားကွင်း၌ နေ့စဉ် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **(ဝ၁၂)**

မွေးနေ့ဆုတောင်း

၄-၁-၂၀၁၃ရက်တွင် ကျရောက်သည့် သားသား **သုခပြည့်စုံ** ၏ (၅) နှစ်ပြည့် မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းများနှင့်အတူ အေးချမ်းသာယာသောဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

ပါးပါး - ဦးချစ်ကိုကို(အင်ဂျင်နီယာမှူးကြီး)၊
အ-ဆ-ည(အထက်မြန်မာပြည်)
မိုးမိုး - ဒေါ်နော်ခင်ထွေးရီ(ခ)နော်ထွေး
နည်းပညာတက္ကသိုလ်(သန်လျင်)၊ငြိမ်း

မွေးနေ့ဆုတောင်း

ဖေဖေဦးချစ်ကိုကို-မေမေဒေါ်နော်ခင်ထွေးရီ(ခ)နော်ထွေးတို့၏သားသား **သုခပြည့်စုံ** ၏ ၄-၁-၂၀၁၃ရက်တွင် မွေးနေ့၊ မွေးလ၊ မွေးရက် ထပ်တူကျရောက်သည့် (၅)နှစ်ပြည့်မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းများနှင့်အတူ အေးချမ်းသာယာသောဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ဘွားဘွား - ဒေါ်အုန်းမြင့်
သာယာအေးရပ်၊ ကျောက်ပန်းတောင်းမြို့

ဦးပိုင်နှစ်ကို ဆောင်ရွက်နိုင်ရန်အတွက် ဆင့်ဆိုစာ

GRAND PARAGON CO.LTD. (၄င်း၏ကိုယ်စား MD ဒေါ်ယဉ်ယဉ်မြင့်) တရားလို
နှင့်
ဒေါ်ဝင်းမာအေး IDOL MEDIA ADVITISING တရားပြိုင်

[illegible]

ကုန်အမှတ်တံဆိပ်ဆိုင်ရာ သတိပေးကြေညာချက်

NATIONAL

မှတ်ပုံတင်အမှတ် ၄/၆၅၂၈/၂၀၀၈ (၂-၉-၂၀၀၈)

National Steel And Agro Industries Ltd.၊ မှနေရပ်လိပ်စာ-အမှတ် 401, Mahakosh House, 7/5, South Tukoganj, Nath Mandir Road, INDORE-452001(M.P.) India သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်နှင့်အမှတ်အသားကို ကိုယ်ပိုင်စိတ်ကူးဖြင့် တီထွင်ဖန်တီးပြီး အပြည်ပြည်ဆိုင်ရာ ကုန်အမှတ်တံဆိပ် အမျိုးအစားအမှတ် "၆"တွင် အကျုံးဝင်သော "Hot dipped galvanized steel coils/sheets/corrugated sheets" တို့ကို [illegible] ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၂၀၀၈ပြည့်နှစ်ကတည်းက မူပိုင်ခွင့်အတွက် တရားဝင်မှတ်ပုံတင်ပြီးသည်။ ဖြစ်ပါသည်။

သို့ဖြစ်ရာ National Steel And Agro Industries Ltd. က တစ်ဦးတည်း မူပိုင်ခွင့်ဖြင့် သုံးစွဲလျက်ရှိသည့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ခွင့်ပြုချက်မရှိဘဲ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အဖွဲ့အစည်းသို့မဟုတ် ကုမ္ပဏီတစ်ခုခုကဖြစ်စေ [illegible] သိစေအပ်ပါသည်။

National Steel And Agro Industries Ltd.၏ အခွင့်အရေးခွင့်ပြုချက်မရှိဘဲ ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို [illegible] တရားဝင်ဆောင်ရွက်ခြင်း [illegible] ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

National Steel And Agro Industries Ltd.၏
ညွှန်ကြားချက်အရ
ဦးအေးမောင်၊ တရားလွှတ်တော်ရှေ့နေ
Kelvin Chia Yangon Ltd., Law Firm
[illegible]
၂၀၁၃ ခုနှစ် ဇန်နဝါရီ (၄) ရက် ရန်ကုန်မြို့ ဖုန်း [illegible]

နိုင်ငံတကာအားကစား

အားကစားသတင်း အတိုအထွာ

❑ ဝီဂန်အသင်းသည် စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အသက် ၂၂ နှစ် အရွယ်ရှိ ဂိုးသမား ဂျိုးလ်အား ခေါ်ယူစာချုပ်ရန် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

❑ စပါးအသင်းက ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ရှော်လ်ကေးအသင်းမှ အသက် ၂၂ နှစ်အရွယ် ဟိုလ်ဘိုင်အား ဇန်နဝါရီအပြောင်းအရွှေ့ကာလမကုန်မီ ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။

❑ ဖူလ်ဟမ်အသင်းသည် ဂါနာကွင်းလယ်ကစားသမား အသက် ၂၉ နှစ်အရွယ်ရှိ ဘိုရာဟန်အား ခေါ်ယူရန် နောက်ဆုံးဆေးစစ်မှုများကို စောင့်ဆိုင်းနေပြီဖြစ်သည်။

❑ နော့တင်ဟမ်အသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသော ဂျာမိန်းဂျီနက်စ်သည် သုံးလအတွင်း တစ်ကြိမ်သာ ပွဲထွက်ကစားခဲ့ရသဖြင့် စပါးအသင်းသို့ ပြန်လိုကြောင်း တောင်းဆိုထားသည်။

❑ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ကွင်းလယ်ကစားသမား အသက် ၂၂ နှစ်အရွယ် အမ်ဗီလာအား ဇန်နဝါရီလမကုန်မီ စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်သည်။

❑ ဆန်းဒါးလန်းနည်းပြ မာတင်အိုနေးလ်သည် ပဲရစ်စိန့်ဂျာမိန်းအသင်း တိုက်စစ်မှူး အသက် ၂၈ နှစ်အရွယ်ရှိ ဟွာရူအား ခေါ်ယူရေး ဆွေးနွေးလျက်ရှိသည်။

❑ ဆွီဒင်တိုက်စစ်မှူး အီဘရာဟင်မိုဗစ်က မန်စီးတီးအသင်းအား ပရီမီယာလိဂ်ဖလားရယူရေးအတွက် ကူညီကစားပေးလိုသော ဆန္ဒပြင်းပြလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ မန်ယူ နောက်ခံလူ အသက် ၃၄ နှစ်အရွယ်ရှိ ဖာဒီနန်က မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ဖလားရယူရေးလမ်းကြောင်းတွင် မည်သည့် အသင်းမျှ ဟန့်တားနိုင်စွမ်းမရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက တစ်နေ့နေ့တစ်ချိန်ချိန်၌ အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် ကလပ်အသင်းတစ်သင်းအား နည်းပြအဖြစ် သွားရောက်ချုပ်ကိုင်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ နယူးကာဆယ်နည်းပြ အလန်ပါဒူးက ဝက်စ်ဘရွန်းတိုက်စစ်မှူး ပီတာအိုဒမ်ဝင်ဂီအား ပြောင်းရွှေ့ကြေးပေါင်သုံးသန်းဖြင့် ခေါ်ယူရေးကြိုးစားလျက်ရှိသည်။

❑ ဘာစီလိုနာအသင်းသည် ယခုနှစ် လာလီဂါဖလားကို ရယူရေးအတွက် ပြိုင်ဘက်အသင်းများအား ပွဲတိုင်းအနိုင်ယူမည့် ခြေစွမ်းပိုင်ဆိုင်ထားကြောင်း အင်နီယေစတာက ထုတ်ဖော်ပြောကြားသည်။

မောင်ချစ်ကြည် ရေးသည်

အိမ်ကွင်းတွေမှာ အမှတ်ပြည့်ယူပြမယ့် ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်

၂၀၁၃ ခုနှစ် စပိန်လာလီဂါ ဘောလုံးပွဲစဉ်ရဲ့ ကန့်လန့်ကာ အဖွင့်အဖြစ် ဇန်နဝါရီ ၅ ရက်နဲ့ ၆ ရက်တွေမှာ ပွဲစဉ် (၁၈) ကို ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ နှစ် အစရဲ့ ပထမဆုံးပွဲစဉ်ဖြစ်တာမို့ လာလီဂါ ထိပ်တန်းအသင်းကြီးတွေက နိုင်ပွဲနဲ့ စတင်ဖို့ ကြိုးစားမှာဖြစ်သလို တန်းဆင်းဇုန်အတွင်းက အသင်းတွေကလည်း အမှတ်ရယူဖို့အတွက် အပြင်းအထန် အားထုတ်ကြမှာဖြစ်တာမို့ ပွဲကြီးပွဲကောင်းတွေအဖြစ် မြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

ဘာစီလိုနာနှင့်အက်စ်ပန်ညို

မြို့ခံအသင်းချင်းတွေ့ဆုံတဲ့ပွဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီမှာတော့ ဘာစီလိုနာကွင်းမှာ အက်စ်ပန်ညိုတို့ လေးဂိုးပြတ် ရှုံးပွဲကြုံထားတာကို အခုပွဲစဉ်မှာလည်း ရှုံးကြွေးဆပ်နိုင်မယ် မထင်ပါဘူး။ ဒီနှစ်လာလီဂါ ဖလားကို ရယူဖို့ တန်းစီဇယားထိပ်ဆုံးက တစ်ရှိန်ထိုးပြေးနေတဲ့ ဘာစီလိုနာ(**အပေါ်ပုံ**)ဟာ ဒီပွဲမှာလည်း အမှတ်ပြည့်ရယူပြီး ဆက်လက်ဦးဆောင် နေဦးမှာဖြစ်ပါတယ်။ အကောင်းဆုံး ခြေစွမ်းတွေနဲ့အတူ ထက်မြက်တဲ့ တိုက်စစ်မှူးတွေက ပြိုင်ဘက်တွေကို တစ်ပွဲပြီး တစ်ပွဲချေမှုန်း အနိုင်ယူနေတာမို့ ခြေစွမ်းပိုင်း ကွာဟမှုများနေတဲ့ အက်စ်ပန်ညိုဟာ ဒီပွဲမှာ ပေးဂိုး မနည်းအောင်ပဲ ခုခံရဖို့ရှိနေပါတယ်။ ဘာစီလိုနာဟာ သေချာတဲ့ နိုင်ပွဲတွေမှာ အတိမ်းအစောင်း အမှားအယွင်းမရှိအောင် ကစားနိုင်တာမို့ ဘာစီလိုနာ ပရိသတ်တွေ စိတ်အေးအေးနဲ့ ကြည့်ရှုအားပေးရင်း အောင်ပွဲ အရသာကို ခံစားရမယ့်ပွဲ ဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်နှင့် ဆိုစီဒက်

ရလဒ်တွေ ဆိုးရွားနေတဲ့ ရီးရဲမက်ဒရစ်ဟာ အိမ်ကွင်းဘာနေဗျူးမှာတော့ နိုင်ပွဲရအောင် ရှာဖွေကြိုးစားပါလိမ့်မယ်။ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ မှတ်တမ်းကို ပြန်ကြည့်ရင်လည်း ရီးရဲမက်ဒရစ်တို့က အသာစီးရထားတာတော့ အမှန်ပါပဲ။ ဆိုစီဒက်ရဲ့ လက်ရှိခြေစွမ်းက အားရစရာ မရှိတာမို့ အမှတ်ပြည့်ရယူဖို့အတွက် ရီးရဲမက်ဒရစ်တို့ရဲ့ အားထုတ်မှုက အပြည့်အဝ အကောင်အထည်ဖော်ဖို့ တော့လိုနေပါတယ်။ ဝေဖန်မှုတွေကြုံတွေ့နေရတဲ့ နည်းပြ မော်ရင်ဟိုဟာ ဒီပွဲမှာတော့ ပြစ်တင်မှုတွေကို ချေဖျက်အောင် သူ့ကစားသမားတွေကို အားထည့်ခိုင်းပြီး ဂိုးပြတ်သွင်း အောင်ပွဲခံနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။

ဒီပို့တီဗိုနှင့် မာလာဂါ

ဒီနှစ် ဘောလုံးရာသီမှာတော့ မာလာဂါရဲ့ ခြေစွမ်းက ပြိုင်ဘက်တွေကို ခြိမ်းခြောက်ထားနိုင်ပါတယ်။ အိမ်ကွင်းအဝေးကွင်းရလဒ်ကောင်းအောင် ကစားတတ်တဲ့ မာလာဂါဟာ တန်းဆင်းဇုန်ထဲ ကျရောက်နေတဲ့ ဒီပို့တီဗိုကို သူ့အိမ်ကွင်းဆိုပေမယ့် မျက်နှာသာပေးမှာတော့ မဟုတ်ပါဘူး။ လက်ရှိမာလာဂါရဲ့ ခြေစွမ်းအရ အမှတ်ပြည့်ရယူဖို့ တိုက်စစ်ဖွင့်ကစားမှာ သေချာပါတယ်။ ဒါပေမယ့် ဒီပို့တီဗိုကွင်းမှာ မာလာဂါတို့ နိုင်ပွဲဆိတ်သုဉ်းတတ်တာကိုလည်း သတိထားရမယ့် အချက်ပါပဲ။ မာလာဂါနဲ့ ဆုံတိုင်း ဒီပို့တီဗိုက ခုခံမှုပြင်းထန်တတ်တာမို့ အမှားအယွင်းနည်းနည်းနဲ့ ကစားရင် မာလာဂါတို့အတွက် နိုင်ပွဲရယူနိုင်တဲ့အနေအထားရှိပါတယ်။

ဇာရာဂိုဇာနဲ့ ဘက်တစ်

နှစ်သင်းစလုံး ခြေကုန်ထုတ်ကြရမယ့်ပွဲပါပဲ။ ဇာရာဂိုဇာနဲ့ ဘက်တစ်တို့တွေ့ဆုံမှုသမိုင်းကိုကြည့်ရင် ဇာရာဂိုဇာက ၃၂ ပွဲနိုင်ထားပြီး ဘက်တစ်တို့က ပွဲ ၃၀ အနိုင်ယူထားပါတယ်။ သရေပွဲ ၁၈ ပွဲကျထားတဲ့ ဒီနှစ်သင်းရဲ့ယှဉ်ပြိုင်မှုကတော့ ပြင်းထန်မှာ သေချာပါတယ်။ ဘက်တစ်က အိမ်ကွင်းအဝေးကွင်း ခြေစွမ်းမာကျောတဲ့အသင်းဖြစ်ပြီး ဇာရာဂိုဇာကလည်း အိမ်ကွင်းမှာတော့ ပြိုင်ဘက်အသင်းတွေကို အကျပ်အတည်းတွေ့အောင် ကစားတတ်တဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲဟာ နှစ်ဖက်ပရိသတ်တွေအတွက် ကျေနပ်စရာ အဖြေထွက်လာနိုင်တဲ့ပွဲဖြစ်လာနိုင်ပါတယ်။

ဂရန်နာဒါနှင့် ဗလင်စီယာ

ဗလင်စီယာဟာ ကစား အားကောင်းတဲ့ အသင်းဖြစ်ပြီး ကစားအားမချဘဲ တွန်းတွန်းတိုက်တိုက် ကစားလေ့ရှိတဲ့ ခြေစွမ်းပိုင်ဆိုင်ထားပါတယ်။ ဂရန်နာဒါတို့ကအဝေးကွင်းမှာ ခြေပျက်တတ်ပေမယ့် အိမ်ကွင်းဆိုရင် ခြေစွာတတ်တဲ့အသင်းဖြစ်ပါတယ်။ ဂရန်နာဒါရဲ့ ခြေစွမ်းက လက်ရှိအချိန်မှာ အတက်အကျရှိပြီး ပုံမှန်ခြေပြန်ရဖို့ ကြိုးစားနေရတဲ့ အသင်းဖြစ်ပါတယ်။ ဒီပွဲဟာဂရန်နာဒါကွင်းမှာမို့ ဗလင်စီယာတို့အတွက် ပွဲကျပ်ဖြစ်နေပေမယ့် ပွဲစကတည်းက ဖိဖိစီးစီးကစားရင် ဗလင်စီယာတို့ အခြေအနေကောင်းနိုင်ပါတယ်။

မာယော့ကာနှင့်အက်သလက်တီကို

မာယော့ကာတို့အိမ်ကွင်းဆိုပေမယ့် ဒီပွဲမှာ မျှော်လင့်ချက်ကြီးကြီးမားမား မထားနိုင်တဲ့ပွဲ ဖြစ်ပါတယ်။ မာယော့ကာရဲ့ လက်ရှိခြေစွမ်းက ကျရိပ်ထိုးနေတာမို့ ပုံမှန်ခြေစွမ်းပြန်ရဖို့အတွက် ရုန်းကန်နေရတာပါ။ အက်သလက်တီကိုတို့က နိုင်ပွဲတွေ ရယူနေပြီး တိုက်ပွဲဝင်စိတ်ဓာတ်လည်း မြင့်မားနေတာမို့ ဒီပွဲမှာတော့ အက်သလက်တီကို ပရိသတ်တွေအတွက် ကျေနပ်နှစ်သိမ့်မှု ဖြစ်စေမယ့်ပွဲအဖြစ် ဖန်တီးပေးနိုင်ပါလိမ့်မယ်။ ။

မောင်မောင်မြင့်ဆွေ ရေးသည်

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ လမ်း-၅၀(အထက်)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းရွှေ ၁၂/ပဇတ(နိုင်)၀၂၅၆၃၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းရွှေသည် သိန်းမြန်မာမွေ့ရာဆိုင်နှင့် ဟိုတယ်၊ မိုတယ်၊ ခန်းဆီးဒီဇိုင်းမျိုးစုံချုပ်လုပ်ငန်းအား အောက်ပါနေရပ်လိပ်စာများတွင် ဖွင့်လှစ်ထားရှိပါသည်။

၁။ အမှတ်-၁၄၄/၁၄၅/၁၅၈/၁၆၀၊ လမ်း-၅၀(အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ အမှတ်-၄၃၇/၄၄၀၊ သပြေကုန်းဈေးလမ်း၊ နေပြည်တော်။

အထက်ဖော်ပြပါ သိန်းမြန်မာ ဆိုင်ခန်းများနှင့် လုပ်ငန်းအားလုံးသည် ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်း၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တိုးပွားသည့် လုပ်ငန်းဖြစ်ပါသည်။ ဖော်ပြပါလုပ်ငန်းနှင့် သိန်းမြန်မာဆိုင်ခန်းများကိုလည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းပေးအပ်ထားခြင်း မရှိသကဲ့သို့ ယင်းအမည်အမှတ်တံဆိပ်ဖြင့် သီးခြားဆိုင်ခွဲ ထပ်မံဖွင့်လှစ်ထားခြင်းလည်း မရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေပိုင်လုပ်ငန်းနှင့်ပတ်သက်၍ ငွေရေးကြေးရေးကိစ္စ၊ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုကိစ္စ အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဖော်ပြပါလုပ်ငန်းဆောင်ရွက်သည့် သိန်းမြန်မာဆိုင်ခန်းများမှလွဲ၍ ယခုအချိန်ထိ သီးခြားဆိုင်ခွဲ ထပ်မံဖွင့်လှစ်ထားရှိခြင်းမရှိသည့်အတွက် ဖော်ပြပါလုပ်ငန်းအမည်/နာမ အမှတ်တံဆိပ်ကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်မှု ပေါ်ပေါက်လာပါက ကျွန်ုပ်၏မိတ်ဆွေနှင့် သက်ဆိုင်ပတ်သက်မှုမရှိကြောင်းကို စဉ်ဆက်မပြတ် အားပေးဆက်သွယ် ဆောင်ရွက်နေကြသူများ သိရှိစေရန်နှင့် ရောင်းမှား/ဝယ်မှားမဖြစ်ကြစေရန်အတွက် မေတ္တာဖြင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်သိမ်း(မအူပင်)
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၉၁)
အမှတ်-၁၀/၁၂၊ ပထမထပ်၊ အခန်း(အိပ်ချ်)၊ ၃၅ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၁၈ရက် ၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇)ပါ ကြော်ငြာစာတွင် စာကြောင်းရေ ၃ ၌ မြေဧရိယာ ၁၃ ပေ ဒသမ ၈၉၀ ဧကအစား ၁၃.၈၉၀ဧက ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄ ဒီ၊ မြေကွက်အမှတ် ၁၃၅/B° /၂၄-B၊ မြေကွက်တည်နေရာအမှတ် ၅၄/က၊ အလုံလမ်း၊ ဒဂုံမြို့နယ် ဒေါ်ထွေးထွေး အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက် ဒေါ်ထွေးထွေး ကွယ်လွန်သဖြင့် ခင်ပွန်း ဦးသိုက်စိုး ၁၂/လကန(နိုင်)၀၁၆၄၇၁က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅-တ)အတွင်းရှိ မြေကွက်အမှတ် ၇၁၄၊ ၇၁၅၊ ဧရိယာ ၀ဒသမ၀၆၈ဧကနှင့် မြေကွက်အမှတ် ၇၁၆၊ ဧရိယာ ၀ဒသမ ၀၆၃ဧကရှိ နှစ်၆၀ မြေငှားဂရန်မြေကွက်များနှင့် ယင်းမြေကွက်များနှင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးလိုင်ဟုန်ဆိုင်(ခ)ဦးတင့်ဆန်း ၁၂/လမတ(နိုင်)၀၃၁၄၅၆၊ LPA-၁၄၆၆၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A,H.G.P,C.B.L,D.B.L,D.M.L.
ဥပဒေအကျိုးဆောင်၊
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၈၂၅၇၃၆၊ ၀၉-၅၀၇၀၆၇၇

အများသိစေရန် ကြေညာခြင်း

ဦးဝင်းထိန်
(B.A.,H.G.P.,R.L.,D.B.L.,D.M.L.)
တရားလွှတ်တော်ရှေ့နေ

ငွေရတုမင်္ဂလာဆုတောင်း

၄-၁-၂၀၁၃ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဦးတင်မြင့်နှင့် ချစ်မေမေ ဒေါ်နီလာ (MOTHERLAND GROUP CONSTRUCTION Co., Ltd.) တို့၏ မင်္ဂလာသက်တမ်း ငွေရတုတိုင်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်လမ်းခရီး သာယာဖြောင့်ဖြူးစွာဖြင့် မိသားစုနှင့်အတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သားသမီးများ
Motherland Group Construction Co.,Ltd. မှ
ဝန်ထမ်းများ

ကားရောင်းမည်

မာစီဒီး 2006 MODEL, E-350 လယ်သာစီ၊ ဘယ်မောင်း၊ ဆီစားသက်သာ၊ ၇ဃ/----၊ ကားနံပါတ်လှ၊ အနက်ရောင်၊ ကားသန့်၊ ခန့်ခန့်ညားညားနှင့် ကားကောင်းကောင်းစီးလိုသူများအတွက် ပြည်ပမှသွင်းသောကားထက်ဈေးသက်သာသော အိမ်စီးကားသန့်သန့်။ ငွေကျပ် ၄၀၅သိန်း

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၇၃၂၂၄၄၀၀၊
၀၉-၄၃၀၂၂၈၂၈၊ ၂၄၁၁၉၄၊ ၂၄၆၇၉၂

7stars

09.49282366 , 09.49653992 , 09.421052736

စီးပွားရေးနှင့် ဈေးကွက်သတင်း

ရန်ကုန်စက်သုံးဆီဈေးတည်ငြိမ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်သုံးစွဲမှု တစ်နေ့တခြား ပိုမိုများပြားလာနေသည်။ ယင်းကြောင့် ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်အားလုံးနီးပါး နေ့စဉ် ရောင်းအားကောင်းလာကြောင်း သိရသည်။

ရောင်းအားပိုလာကြသော်လည်း လီတာစနစ်ဖြင့် ရောင်းချသော စက်သုံးဆီ ဈေးနှုန်းမှာ အတက်အကျမရှိ၊ မြို့တွင်းမြို့ပြင် တစ်ဆိုင်နှင့်တစ်ဆိုင် ဈေးနှုန်းအနည်းငယ်ကွာသည်မှအပ ဈေးနှုန်းပုံမှန်ဖြစ်ကာ တည်ငြိမ်နေကြောင်း တွေ့ရသည်။

ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလလယ်မှ ယခု ၂၀၁၃ ခုနှစ် ဇန်နဝါရီလဆန်းအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်တွင် စက်သုံးဆီ တစ်လီတာရောင်းဈေးနှုန်းကို အောက်ပါအတိုင်းတွေ့ရသည်-

၂၀၁၂ ဒီဇင်ဘာ ၁၄ ရက်	ကျပ်	၂၀၁၃ ဇန်နဝါရီ ၂ ရက်	ကျပ်
အဆင့်မြင့်ဒီဇယ်	၈၉၀	အဆင့်မြင့်ဒီဇယ်	၈၉၀
ဓာတ်ဆီ	၈၀၄	ဓာတ်ဆီ	၈၀၄
အောက်တိန်း	၈၈၀	အောက်တိန်း	၈၈၀
ဒီဇယ်	၈၆၀	ဒီဇယ်	၈၆၀

စက်သုံးဆီဈေးတည်ငြိမ်မှုနှင့်အတူ လီတာစနစ် အချိန်အတွယ်ပြည့်ဝမှုကြောင့် သုံးစွဲသူများ စိတ်ချစွာ ပိုမိုဝယ်ယူလာကြသည်။ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းပေါ်ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၌ "နိုင်ငံခြားမှ တင်သွင်းလာသော အရည်အသွေးပြည့် စက်သုံးဆီများကို လီတာဈေးနှုန်းဖြင့် ရောင်းချပေးနေကြောင်း၊ အချိန်အတွယ်ပြည့်ဝကြောင်းနှင့် အရည်အသွေး မှန်ကန်ကြောင်းကို တာဝန်ယူပါကြောင်း၊ ဝယ်ယူသုံးစွဲသူများအနေဖြင့် အဆင်မပြေမှုရှိပါက မန်နေဂျာနှင့် တွေ့ဆုံမေးမြန်းနိုင်ကြောင်း၊ ၂၄ နာရီ အချိန်ပြည့်ရောင်းချပေးနေကြောင်း"တို့ကို LED မီးဆိုင်းကြီးဖြင့် ထင်သာမြင်သာသိရှိအောင် ကြေညာပေးနေသည်မှာ ဝယ်ယူသူများ ယုံကြည်မှုရှိစေမည့် ဝန်ဆောင်မှုကောင်းတစ်ခုဟု ဆိုရပါမည်။

ကိုချစ်

ပင်လုံအုပ်စုကျေးရွာ အုပ်ချုပ်ရေးမှူးရွေးချယ်

မော်လူး ဇန်နဝါရီ ၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မွန်းတည့် ၁၂ နာရီက မြင်သာယာရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်မိရပ်ဖ ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ကျေးရွာငါးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး အရွေးခံမည့်ဆယ်အိမ်စုမှူး ၇၂ ဦးအနက် ၅၉ ဦးတက်ရောက်ကြပြီး အခမ်းအနားတွင် ရပ်မိရပ်ဖကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်က အုပ်ချုပ်ရေးမှူးလောင်းသုံးဦးအနက် ဆန္ဒမဲအများဆုံးရရှိသူ ဦးဇော်လွင်ကို မြင်သာယာရွာကျေးရွာအုပ်ချုပ်ရေးမှူး အသစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

(၁၇၁)

မြဝတီရုပ်မြင်သံကြား

၄-၁-၂၀၁၃ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၃ တရားတော်
- ၇း၂၃ မျိုးချစ်တပ်မတော်
- ၇း၂၈ မြန်မာ့ရှုခင်း
- ၇း၃၅ မြန်မာသံစဉ်ချိုနားဝင်
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ ဇာတ်လမ်းတို

ညပိုင်း

- ၄း၂၇ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၀ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ **ရွာ** ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၈၀)
- ၆း၃၈ **စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား**
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာထက်က ဖန်ရဲတိုက်** (အပိုင်း -၁၂)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - နိုင်ငံတကာသတင်း
  - မိုးလေဝသသတင်း
  - **သံစဉ်များနှင့်ကမ္ဘာ**
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးအောက်မြေပြင်** (အပိုင်း-၂၁)
  - မြဝတီရုပ်မြင်သံကြားသတင်း
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဂုဏ်ရည်မတူ** (အပိုင်း-၅၆)

ရခိုင်ပြည်နယ် ပန်းဈေးကွက် ရန်ကုန်ဘက်မှလာသော ပန်းများလွှမ်းမိုး ပန်းစိုက်ပျိုးသူများ စိုက်ပျိုးနည်းပညာလိုအပ်ဟုပြော

ပြည်နယ်မြို့တော် စစ်တွေ၏ ပန်းဈေးကွက်သည် ရခိုင်ပြည်နယ်အနှံ့ ပန်းများကို ဖြန့်ဖြူးနေသော ပန်းဈေးကွက်ဖြစ်သည်။ ဤဈေးကွက်မှ စစ်တွေမြို့ပေါ်ရှိ ဖောက်သည်များသို့လည်းကောင်း၊ နယ်မြို့များသို့လည်းကောင်း၊ ရောင်းဝယ်ဖြန့်ဖြူးနေကြသည်။ ဆောင်းရာသီဖြစ်သော်လည်း ရခိုင်ပြည်နယ်၌ ပန်းအထွက်နည်းကာ မိုးရာသီမှာကဲ့သို့ ရန်ကုန်ဘက်မှ ပန်းများအဝင်များပြီး ဈေးကွက်ကို လွှမ်းမိုးလျက်ရှိသည်။

ရန်ကုန်ဘက်မှလာသော ပန်းများကို ကိုယ်စားလှယ်ယူ လုပ်ကိုင်နေသူ တစ်ဦးက ပြောပြရာတွင် "ရန်ကုန်ပန်းတွေက မိုးတွင်းဆို များများရောင်းရတာ။ ဆောင်းဝင်လာတော့ ရခိုင်ပြည်နယ်ကထွက်တဲ့ပန်းတွေနဲ့ ပြိုင်ရောင်းရတယ်။ ဒါပေမယ့် ရခိုင်ကထွက်တဲ့ ပန်းတွေက ရန်ကုန်ကလာတဲ့ ပန်းတွေလို အရည်အသွေးမမီဘူးလေ။ ရန်ကုန်ပန်းက ဈေးများပါတယ်။ လူတွေက ပန်းလှလှလေးတွေကိုပဲ ကြိုက်ကြတော့ ဈေးသိပ်ကွာနေရင်လည်း ရန်ကုန်ပန်းတွေကိုပဲ ဝယ်ကြတာပါ။ ဒီမှာ ပန်းစိုက်သူတွေက ဈေးကွက်ကို လွှမ်းမိုးနိုင်အောင် မလုပ်နိုင်ကြပါဘူး" ဟု ပြောပြသည်။

ဈေးကွက်ရှိလျက်အရည်အသွေးမတက်

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လေကြောင်းဖြင့် ရန်ကုန်ဘက်မှ ပန်းများ လှိုင်လှိုင်ဝင်နေသည်။ တောင်ကုတ်၊ သံတွဲမြို့များသို့လည်း ကားဖြင့် နေ့တိုင်းဝင်ရောက်လျက်ရှိသည်။ ရခိုင်ပြည်နယ်တွင် ပန်းစိုက်ပျိုးနိုင်သော မြေများစွာရှိသည်။ ပန်းလည်းစိုက်ကြသည်။ သို့သော် ဈေးကွက်၌ လိုအပ်နေသော ပန်းမျိုးတိုင်းကို မစိုက်ပျိုးနိုင်ကြပေ။ ထွက်ရှိလာသော ပန်းများသည် ရန်ကုန်ဘက်မှလာသော ပန်းများလောက် အရည်အသွေးမမီချေ။ ထို့ကြောင့်လည်း ဒေသထွက်ပန်းများ ဈေးနိမ့်နေရခြင်းဖြစ်သည်။

ရင်တွင်းဖွင့်ပြသူတို့ဆန္ဒ

ရခိုင်ပြည်နယ်ကထွက်သော ပန်းများ အရည်အသွေးညံ့ကာ များများမထွက်ရှိခြင်း၊ ရာသီမရွေး မစိုက်ပျိုးနိုင်သဖြင့် စစ်တွေကျေးလက်ရှိ ပန်းစိုက်ပျိုးသူများကို မေးမြန်းသောအခါ "ကျွန်တော်တို့ ရခိုင်မှာကမိုးများတော့ မိုးတွင်းမှာ ပန်းများများမစိုက်နိုင်ဘူး။ ဒါကြောင့် ပန်းအထွက်နည်းတာပါ။ ဆောင်းရောက်လို့ ပန်းများများစိုက်ကြပြန်တော့လည်း ရန်ကုန်ကလာတဲ့ပန်းတွေလောက် စံမမီပါဘူး။ ဒါတွေကို ကျွန်တော်တို့သိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့တွေ နည်းလမ်းမကျလို့ ဖြစ်နေတာပါ။ ကျွန်တော်တို့မှာက မြေရှိတယ်၊ ရေရှိတယ်။ အရင်းအနှီးကတော့ ကိုယ်တတ်နိုင်သလောက်ပေါ့လေ။ အဓိက ကျွန်တော်တို့ လိုအပ်နေတာက နည်းပညာပိုင်းပါ။ ဘယ်ပန်းကို ဘယ်ရာသီ ဘယ်လိုစိုက်ရတယ်။ ဘယ်လို ပြုစုရတယ်။ မြေဩဇာတွေ ဘယ်လိုကျွေးရတယ် စသည်ပေါ့လေ။ နည်းပညာပိုင်းရရင် ကျွန်တော်တို့လည်း ရန်ကုန်ပန်းတွေလိုပဲ လှလှပပဖြစ်အောင် စိုက်နိုင်ပါတယ်" ဟု ပန်းစိုက်ပျိုးသူ တစ်ဦးက ပြောပြသည်။

ရခိုင်ပြည်နယ်သို့ ရန်ကုန်ဘက်မှလာသောပန်းများတွင် ရိုးမအရှေ့ဘက်မှ ပန်းများသာမက ထိုင်းနိုင်ငံမှလာသော ပန်းများကိုလည်း ဈေးကွက်တွင် တွေ့ရှိရသည်။ ရခိုင်ပြည်နယ်ရှိ ပန်းစိုက်ပျိုးနေသူများအား နည်းပညာနှင့် အရင်းအနှီး ပံ့ပိုးပေးနိုင်ပါက ပန်းစိုက်သူများ ဝင်ငွေရရှိကာ တိုးတက်ဖွံ့ဖြိုးလာနိုင်သည်ဟု လေ့လာသုံးသပ်မိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

(လေးဝတီ-ထွန်းစောခိုင်)

ရွှေမြန်မာကို ကမ္ဘာက သိလာအောင်

စတိုင်ရှိမှ စတားဖြစ်မယ်ဆိုတဲ့ စာသားလေးနဲ့ ဒီစကားလေးကို ကျွန်တော်ကြားမိ သိမိတာကြာပါပြီ။ သိပ်ကောင်းတဲ့ စာသားလေးလို့လည်း တွေးခဲ့မိပါတယ်။ ဒါပေမယ့် ဒီစာသားလေးနဲ့ ဒီစကားလေးကို လိုက်ဖက်မယ့် အကြောင်းအရာလေးတစ်ခု ကျွန်တော့် ခေါင်းထဲအတွေးထဲကို ဝင်လာခဲ့ပါတယ်။ အဲဒါလေးကတော့ ကျွန်တော်တို့ တစ်တွေ မြန်မာလူငယ်လူရွယ်ယောက်ျားလေး၊ မိန်းကလေးတွေရဲ့ Style ပါပဲ။ မြန်မာကို ကမ္ဘာကသိအောင် ဆိုရင် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့နဲ့ မြန်မာ့ဝတ်စားဆင်ယင်မှု Style နဲ့ ကျွန်တော်တို့တစ်တွေ Star ဖြစ်အောင် ကြိုးစားကြရင် ဘယ်လောက် ကောင်းမလဲလို့ တွေးမိပါတယ်။ ယခုအချိန်မှာ မြန်မာဆန်ဆန် ဝတ်စားဆင်ယင်မှုဟာ အလွန်နည်းပါးလာပါပြီ။ ဘောင်းဘီတို၊ စကပ်တိုတွေနဲ့ ဘယ်လူမျိုးမှန်းမသိအောင် ဆံပင်အရောင်နဲ့ ပုံစံတွေဟာ ကျွန်တော်တို့ရဲ့ ဆုံးသွားပြီဖြစ်တဲ့အဖေ၊ အမေ၊ အဘိုး၊ အဘွားများအမြင် ဒါမြန်မာ ပြည်မှဟုတ်ရဲ့လားလို့ မေးကြပါလိမ့်မယ်။ ခေတ်နောက်ကျမှာထက် ခေတ်လွန်သွားတာ အန္တရာယ်ရှိပါတယ်။ ဒီအခြေအနေမှာ လက်ရှိကျွန်တော်တို့ လိုအဖေ၊ အမေတွေမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ သားသမီးတွေကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေကြတော့မှာလား။ မဆုံးမကြတော့ဘူးလား။ လွှတ်ထားကြတော့ မှာလား။ ဒါဟာ ကျွန်တော်တို့မိဘတွေရဲ့ တာဝန်ကို ကျွန်တော်တို့ လျစ်လျူမရှုသင့်ဘူးလို့ ပြောချင်ပါတယ်။ ဒီကနေ့ လူငယ်တွေဟာ နောင်တစ်ချိန် လူကြီးတွေ ဖြစ်လာမှာ အသေအချာပါပဲ။ သူတို့ရဲ့ ဒီလိုဆံပင်ပုံစံနဲ့ ဝတ်စားဆင်ယင်မှုတွေကို ကျွန်တော်တို့ သွန်သင်ဆုံးမ၊ မပြုပြင်နိုင်ဘူးဆိုရင် တစ်ချိန်မှာ မြန်မာရဲ့ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု Style ဆိုတာ ပျောက်သွားမှာ ကျွန်တော် တွေးပူမိပါတယ်။ ပျောက်သွားမှာ သေချာပါတယ်။ မြန်မာစကားပုံ ရှိပါတယ်။ သူ့အရပ်နဲ့ သူ့ဇာတ်ဆိုတာရှိပါတယ်။ သူတို့ အရပ်ဒေသရဲ့ ယဉ်ကျေးမှု အကြိုက်နဲ့ တခြား အရပ်ဒေသရဲ့ ယဉ်ကျေးမှု အကြိုက် မတူကြပါဘူး။ ဒီလိုပဲ မြန်မာ့ယဉ်ကျေးမှုနဲ့ မြန်မာ လူမျိုးတွေရဲ့ အကြိုက်ဟာ ဒီနေ့လူငယ်တွေရဲ့ ပုံစံနဲ့ ပြောရမှာ အလွန်ခက်နေပြီ။ ဒါကြောင့် မြန်မာဆန်ဆန်ဝတ်စားဆင်ယင်တဲ့ ကြော်ငြာတွေနဲ့ ရုပ်ရှင်တွေ ပြသဖို့လည်းပဲ လိုပါတယ်။ လူငယ်တွေ အတုခိုးမမှားစေဖို့ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ ဝတ်စားဆင်ယင်မှုတွေ သိရှိအောင် လုပ်ဆောင်ပေးမှုတွေ လိုလာပါပြီ။ ကောင်းတာတွေကို အတုခိုးပါ။ မြန်မာ့ယဉ်ကျေးမှုနဲ့ ဝတ်စားဆင်ယင်မှုကိုတော့ မပျောက်ပါစေနဲ့။ ဒီနေ့ဒီအချိန်မှာ ဆံထုံးနဲ့ မြန်မာထဘီဝတ်ပြီး ရှုံးသွားတဲ့ လူငယ်မိန်းကလေးမရှိသလောက် ရှားနေပါပြီ။ မြန်မာတိုက်ပုံနဲ့ လုံချည်ဝတ်ပြီး ရှုံးသွားတဲ့လူငယ်တွေလည်း ဒီလိုပါပဲ ရှားနေပါပြီ။ ဘောင်းဘီရှည် မဝတ်ရဘူးလို့ ကျွန်တော်မဆိုလိုပါဘူး။ စတိုင်လ်ကျကျဝတ်စားပါ။ အရိုးပေါ် အရွက်မဖုံးဖို့ အရေးကြီးပါတယ်။ ဒီလိုပဲ မိန်းကလေးတွေလည်းဘောင်းဘီရှည်နဲ့ လုံလုံခြုံခြုံ သပ်သပ်ရပ်ရပ်စတိုင်လ်ကျကျ ဝတ်စေချင်ပါတယ်။ တစ်ချိန်မှာ လူကြီးဖြစ်လာမယ့် ဒီနေ့လူငယ် သားတို့ သမီးတို့ အနေနဲ့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဝတ်စားဆင်ယင်မှုကို ထိန်းသိမ်းရမယ့် တာဝန်ယူရမယ့် လူငယ်တွေပါ။

ဒါကြောင့် မြန်မာ့ယဉ်ကျေးမှုဆိုတာဘာလဲ၊ မြန်မာတွေရဲ့ ဝတ်စားဆင်ယင်မှုက ဘယ်လိုလဲဆိုတာ လေ့လာဖို့ လိုက်နာဖို့ပဲ လိုပါတယ်။ ကျွန်တော်တို့ မြန်မာတွေဟာ ကိုယ့်ကိုယ်ကို ရွှေလို့ တင်စားခေါ်ဝေါ်ကြပါတယ်။ ရွှေဆိုတာ သက်မဲ့ပစ္စည်းတစ်ခုအနေနဲ့တောင် ကမ္ဘာမှာ လူမျိုးမရွေး ဘာသာမရွေး တန်ဖိုးထား အမြတ်တနိုးထားတဲ့ အရာတစ်ခုပါ။ အခုသက်ရှိဖြစ်တဲ့ ကျွန်တော်တို့ ရွှေမြန်မာတွေဟာ ကမ္ဘာက သိလာအောင်၊ တန်ဖိုးထားလာအောင် ကမ္ဘာမှာ Star ဖြစ်လာအောင် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဝတ်စားဆင်ယင်မှု၊ Style နဲ့ မြန်မာတွေ Star ဖြစ်အောင် မြန်မာ လူငယ်တွေ လူကြီးတွေ အားလုံး ကြိုးစားကြရအောင်လား . . . . . ။

(ဖိုးထွန်း)

ဆောင်းပါးနှင့် နယ်သတင်း

ကလေး၊ ကလေးဝ၊ တမူး တိုဂံလမ်းဆုံက ထူးခြားဆန်းပြား မြတ်ဗုဒ္ဓရုပ်ပွား ရေဆန်ကျွန်းဘုရား

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမကြီး၏ဘေး ကလေး၊ကလေးဝ၊ တမူး သုံးမြို့၏ လမ်းဆုံ နေရာ ရာဇဂီရိ တောင်တော် ထက် တွင် မဟာ သာကပဋ္ဌိမာ ရေဆန်ကျွန်း မြတ်ဗုဒ္ဓ ရုပ်ပွားတော်ကို ကလေးမြို့မှ သွားရောက်ဖူးမြော် ကြည်ညိုမည်ဆိုပါက သုံးမိုင်မျှဝေးပြီး စက်ဘီး၊ ဆိုင်ကယ်၊ လိုင်းကား ကြိုက်နှစ်သက်ရာ စီး၍ သွားရောက်နိုင်ပါသည်။ ဖြတ်သွားဖြတ်လာ နိုင်ငံခြားခရီးသွားများ၊ ပြည်တွင်းခရီးသွားများ ဝင်ရောက်ဖူးမြော် ကန်တော့ကြသည်ကို မကြာခဏတွေ့ရတတ်သည်။ ယခု ရာဇဂီရိတောင်တော်ပေါ်တွင် ကိန်းဝပ်စံပျော်တော်မူသော ရေဆန်ကျွန်း မြတ်ဘုရားထုဆစ်ထားသည့် ပုံသဏ္ဌာန်မှာ တစ်မူထူးခြားသောလက်ရာဖြစ်ပြီး စေတီဘုရားဟုဆိုနိုင်သကဲ့သို့ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်ပြီးသော မြတ်စွာဘုရား တို့ကိုလည်း ရည်မှန်းထုလုပ်သည်ဟုဆိုသည်။ ရေဆန်ကျွန်းမြတ်ဗုဒ္ဓဘုရား၏ ဉာဏ်တော် အမြင့်မှာ ၁၉ ပေရှိပြီး အောက်ခံ ပလ္လင်တော်အမြင့်မှာ ၂ ပေ ၉ လက်မရှိကြောင်း သိရသည်။ ရေဆန်ကျွန်း မြတ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ထုလုပ်ထားပုံမှာ အောက်ခြေတွင် ပဒုမာသနခေါ် ကြာပလ္လင်ခံ၍ လေးမျက်နှာလှည့်ဘုရား လေးဆူအဖြစ် ယခု ဘဒ္ဒကမ္ဘာတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးကုန်သော ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမဗုဒ္ဓလေးဆူသောဘုရားတို့ကို မတ်တတ်ရပ်အနေအထားဖြင့် ထွင်းထု ပူဇော်ထားသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာမှ ရေဆန်ကျွန်းမြတ်ဘုရားအား လာရောက်ကြည်ညိုဖူးမြော်ကြသော အများပြည်သူအကျိုးကို ရည်စူးလျက် အရှေ့မျက်နှာ အရပ်ဘက်မှ ဖူးမြော်ကြည်ညိုဆုတောင်းမှုပြုနိုင်သော မြတ်စွာဘုရားရှင်မှာ ကောဏာဂမနဘွဲ့တော်ရှိသော ကောဏာဂုံ ဘုရားရှင်ကို "လာဘမုဒြာ" ဟန်ဖြင့် ဖူးတွေ့နိုင်ပြီး တောင်ဘက်မျက်နှာတွင် ကဿပဘုရားရှင်အား ဖူးမြော်ကြည်ညိုနိုင်ပြီး "ဉာဏမုဒြာ"ဟန်ဖြင့် ဖူးမြော်နိုင်သည်။ မြောက်ဘက်မျက်နှာတွင် ကကုသန္ဓဘုရားရှင်ကို ဖူးမြော်ကြည်ညိုနိုင်ပြီး "မဟာကရုဏာမုဒြာ" ဟန်ဖြင့် ဖူးမြော်နိုင်သည်။ အနောက်မျက်နှာအရပ်တွင် ဂေါတမဘုရားရှင်ကို "အဘယလာဘမုဒြာ" ဟန်ဖြင့် ဖူးမြော်ကြည်ညိုနိုင်သည်။

ကလေးမြို့ ကျီကုန်းရွာအနီး ရာဇဂီရိတောင်တော်ပေါ်ရှိ ရေဆန်ကျွန်းမြတ်ဘုရားတွင် ရှေးမူမပျက် အနုလက်ရာများကိုလည်း ထည့်သွင်းထုဆစ်ထားသည်။ မြန်မာ-အိန္ဒိယ နယ်ခြားဒေသတွင် ရှားရှားပါးပါး တွေ့မြင်နိုင်သော ထူးခြားလက်ရာများဖြစ်သည်။ ထိုရေဆန်ကျွန်းမြတ်ဘုရားတွင် ရှားပါးပန်းပုလက်ရာများ၊ မြန်မာမှုသစ်သားထွင်းကနုတ်ပန်းများ၊ ခေါင်းလောင်း၊ မော်ကွန်းကျောက်စာ၊ မဟာရံတံတိုင်း၊ မင်္ဂလာကန်တော်၊ ဓမ္မာရုံ၊ ဘုရားဂေါပကအဖွဲ့ရုံး စသည့် သာသနိက အဆောက်အအုံများ ပါဝင်သည်။ ရေဆန်ကျွန်းမြတ်ဘုရား၏ မြောက်ဘက်ကုန်းတော်ပေါ်တွင် ရှားပါးရှေးဟောင်းထောင်ပြည့်ဘုရားနှစ်ဆူကိုလည်း ဖူးမြော်ကြည်ညိုနိုင်ပြီး ထိုရာဇဂီရိတောင်တော်ပေါ်မှ ကွေ့ကောက်စီးဆင်းနေသော မြစ်သာမြစ်၏ ရှုခင်းအလှများ၊ အရှေ့ဘက်ဝေးဝေး ပုံတောင်ပုံညာတောင်တန်းမှ သွယ်တန်းလာသော ထန်တောင်၊ နွားတောင်၏ တောင်လက်မောင်းများ၊ သစ်တော ဝါးတောများ၊ ရွှေသမင်တောင်စွယ်အထိ စိမ်းစိုသာမောဖွယ် ရှုခင်းများကို ကြည်နူးခံစားလျက် ထိုရာဇဂီရိတောင်တော်ထက်မှ ရေဆန်ကျွန်းမြတ်ဘုရားကို ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

(သျှင်နေမင်း-ဂန့်ဂေါ)

ဗုဒ္ဓပူဇနီယနိဗ္ဗာန်ဈေးပွဲတော် ဉသျှစ်ပင်၌ကျင်းပ

ပန်းတောင်း ဇန်နဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဉသျှစ်ပင်မြို့တွင် ဒီဇင်ဘာ ၂၈ ရက် (နတ်တော်လပြည့်) မွန်းလွဲ ၂ နာရီက နဝမအကြိမ်မြောက် ဗုဒ္ဓပူဇနီယနိဗ္ဗာန်ဈေးပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဗုဒ္ဓပူဇနီယနိဗ္ဗာန်ဈေးပွဲတော်ကျင်းပရာ ဉသျှစ်ပင်မြို့သည် အရှေ့အနောက်သွယ်တန်းနေသည့် ပန်းတောင်း-တောင်ကုတ်လမ်းနှင့် တောင်မြောက်သွယ်တန်းနေသည့် ပုသိမ်-မုံရွာကားလမ်းမကြီးတို့ ဆုံရာအရပ်တွင် တည်ရှိသောကြောင့် နိဗ္ဗာန်ဈေးပွဲတော်သို့ လာ ရောက်သူများမှာ ကြက်ပျံမကျ စည်ကားလှသည်။ ဉသျှစ်ပင်မြို့ပေါ်ရှိ နိဗ္ဗာန် ဈေးပွဲတော်တွင် ကြွရောက်လာသူများကို စားသောက်ဖွယ်ရာများ စုံလင်စွာဖြင့် လူကြီး၊ ကလေး မရွေးဘဲ စေတနာသဒ္ဓါထက်သန်စွာ ကျွေးမွေးဧည့်ခံကြသည်။

ညပိုင်းတွင် ဖျော်ဖြေပွဲအဖြစ် မြန်မာ့ယဉ်ကျေးမှုနှင့်အညီ မြန်မာ့ရိုးရာ အလှူခံတ်ခြင်းလုံးခံတ်ပွဲဖြင့် တင်ဆက်ပြသခဲ့ကြောင်း သိရသည်။ (၁၇၀)

တောင်တွင်းကြီးမြို့နယ် ကြံစိုက်တောင်သူများ သကြားစက်ရုံသို့ ကြံများရောင်းချ

တောင်တွင်းကြီး ဇန်နဝါရီ ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကံပေးကြီးအုပ်စု ကံလှ သကြားစက်ရုံမှ ကြိတ်ကြံများကို ဒီဇင်ဘာ ၆ ရက်က စတင်ဝယ်ယူလျက်ရှိရာ ဒီဇင်ဘာ ၂၉ ရက်အထိ ကျေးရွာပေါင်း ၅၂ ရွာမှ ကြံတောင်သူ ၃၇၅၀ တို့သည် လှည်း ၇၄၁၆ စီး၊ ကား ၄၀၆၆ စီးတို့ဖြင့် ကြံများသယ်ယူ၍ စက်ရုံသို့ ရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရုံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်နှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၃၀ ရက်က ရောက်ရှိပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ ကြံစိုက်တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

ယခု ကြံဝယ်ရာသီတွင် စက်ရုံ၏ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်မရှိအောင် ကြိုတင်ပြင်ဆင်ထားရှိရေး၊ တစ်ရက်လိုအပ်ချက် ကုန်ကြမ်းတန်ချိန် ၁၆၀၀ ရရှိရေး၊ လတ်ဆတ်သောကြံ အပြည့်အဝ နေ့စဉ်ဝယ်ယူရေး၊ ကြံဖိုးငွေများ အပြည့်အဝ ထုတ်ပေးရေး၊ ကြံများခုတ်သိမ်းမှု၊ သယ်ယူပို့ဆောင်မှုအပိုင်းတွင် အလှည့်ကျ ကိုယ်တာများ စနစ်တကျ ခွဲဝေပေးခြင်း၊ ဒိုင်မှူးများ ကြံသယ်ယူရေးယာဉ်ခေါင်းဆောင်များကို နေ့စဉ် စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း စက်ရုံမှူး ဦးကျော်အောင်၏ ပြောကြားချက်အရ သိရသည်။

(နိုင်ဝင်း)

ကျောက်တန်းမြို့တွင် ပဋ္ဌာန်းရွတ်ဖတ် ပူဇော်

ကျောက်တန်း ဇန်နဝါရီ ၃

ရန်ကုန်တောင်ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းက ကြီးမှူး ပြုလုပ်သော ဒုတိယအကြိမ် ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်မဟာပဋ္ဌာန်းကျမ်းမြတ် ဓမ္မဒေသနာတော် ရွတ်ဆိုပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ကျောက်တန်းမြို့ ရွှေမှော်ဝန်း သာသနာ့ဗိမာန်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စိတ္တသုခကျောင်းဆရာတော်ဘဒ္ဒန္တပညာက သြဝါဒကထာမြွက်ကြားပြီး သာသနနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်၊ ရန်ကုန်တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းနှင့် ခရိုင်သာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးတို့က အမှာစကားပြောကြားသည်။

ဒုတိယအကြိမ် ပဋ္ဌာန်းဒေသနာတော်ရွတ်ဆိုပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ ရက်အထိကျင်းပခဲ့ပြီး ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ကျောက်တန်း၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းနှင့် ဆိပ်ကြီးခနောင်တို မြို့နယ်တို့မှ သာသနာနုဂ္ဂဟအသင်းဝတ်အဖွဲ့ ကိုး ဖွဲ့တို့က ရွတ်ဆိုပူဇော်ခဲ့ကြသည်။ (၀၁၉)

မြိတ်တက္ကသိုလ်
ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်
လျှောက်လွှာခေါ်ယူခြင်းနှင့်အစီအစဉ်ကြေညာခြင်း

၁။ မြိတ်တက္ကသိုလ်မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ ၂၀၁၂ခုနှစ် မေလတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ ၂၀၁၂ခုနှစ် မတ်လတွင် ကျင်းပခဲ့သော (၂၀၀၅-အောင်) မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ ၂၀၁၂ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော (၂၀၀၈-အောင်) ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ (၂၀၀၉-အောင်) ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော (နောက်ဆက်တွဲစာမေးပွဲ)၊ (ပြင်ပစာမေးပွဲ) ဝိဇ္ဇာ/သိပ္ပံဘွဲ့စာမေးပွဲများကို အောင်မြင်ကြသူများသည် ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဇန်နဝါရီ ၃၁ရက်အထိ လျှောက်ထားနိုင်သည်။

၂။ ဘွဲ့နှင်းသဘင်ကို မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

(က) ဘွဲ့နှင်းသဘင် (၁၆-၂-၂၀၁၃)ရက် နံနက်ပိုင်းအစီအစဉ်

နံနက်ပိုင်း၊ နံနက် ၉:၀၀နာရီ

မဟာသုတေသနဘွဲ့ - အဏ္ဏဝါသိပ္ပံအထူးပြု

ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၀၈) - အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒအထူးပြု

ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၉) - မြန်မာစာ၊ သမိုင်း၊ ဓာတုဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံအထူးပြု

(ခ) ဘွဲ့နှင်းသဘင်(၁၆-၂-၂၀၁၃)ရက်၊ မွန်းလွဲပိုင်းအစီအစဉ်

မွန်းလွဲပိုင်း၊ မွန်းလွဲ ၂:၀၀နာရီ

မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၅) - မြန်မာစာ၊ ဒဿနိကဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံအထူးပြု

ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၀၉) - အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြု

(နံနက်ပိုင်း+မွန်းလွဲပိုင်း) အစမ်းလေ့ကျင့်မည့်ရက် ၁၄-၂-၂၀၁၃ရက်၊ နံနက် ၉:၀၀နာရီ

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မြိတ်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင်ရယူလျက် ခြောက်လအတွင်းက ရိုက်ကူးထားသော (၂×၁.၅)လက်မအရွယ် ဓာတ်ပုံနှစ်ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာ၍ ပူးတွဲလျှောက်ထားရမည်။

၄။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက၊ ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-ကျပ် (ကျပ်တစ်ထောင့်ငါးရာတိတိ)ပေးသွင်းကြရပါမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀ိ/-ကျပ် (ကျပ်တစ်ထောင်တိတိ)ပေးသွင်းကြရပါမည်။ အဝေးမှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို မြိတ်တက္ကသိုလ် ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲစသည်တို့ကို တိကျစွာဖော်ပြရပါမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့လျှောက်ထားနိုင်သည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၂-၂-၂၀၁၃ရက်မှ စတင်၍ ထုတ်ပေးပါမည်။

၇။ အစမ်းလေ့ကျင့်ရက်တွင် မပျက်မကွက် တက်ရောက်ကြရပါမည်။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၈။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန၊ မြိတ်တက္ကသိုလ် ဖုန်း-၀၅၉-၄၂၃၂၀ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌေးဌေးရီ
ဌာနမှူး၊ သင်တန်းရေးရာဌာန၊ မြိတ်တက္ကသိုလ်

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802

အိမ်ရောင်းမည်
(ညှိနှိုင်းဈေး)

စမ်းချောင်းမြို့နယ်၊ တိုက်အမှတ် ၇၅၊ ခုနစ်လွှာ၊ မြေညီထပ်နှင့် ပထမထပ် အလျား(ပေ ၅၀ ၆လက်မ)×(အနံ ၁၂ပေ ၆လက်မ)၊ အဲကွန်း၊ ကြိုးဖုန်း၊ ရေမီးအစုံ။

ဖုန်း-၀၉-၂၄၀၀၆၄၈၊ ၀၉-၅၀၁၄၄၀၄၊ ၀၉-၅၀၅၁၇၄၅၊ ၀၉-၅၁၀၃၅၆၄

တစ်ဦးတည်းဖြစ်ကြောင်း

ကော့ကရိတ်မြို့နယ်၊ မြောက်ကမ္မရိက်ကျေးရွာအုပ်စု၊ မာလာကုန်းကျေးရွာနေ ကော့ကရိတ်ချောင်းတောင် အထက(ခွဲ)၊ အဌမတန်း(ခ)မှ နော်ခိုင်စံပယ်၊ ကော့ကရိတ် အထက(၂)၊ သတ္တမတန်း(က)မှ နော်ဇာခြည်ဖြိုးတို့၏ဖခင် ဦးထွန်းအောင်စိန်(ခ)စောနွေဦး ကိုကို ၃/ကကရ(နိုင်)၁၀၃၈၄၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးထွန်းအောင်စိန်(ခ)စောနွေဦးကိုကို

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ် ၁၃၈/၁၄၂ မြေပေါ်တွင် ဆောက်လုပ်ထားသော White Cloud ကွန်ဒိုမီနီယံ၊ လေးခန်းတွဲ ရှစ်ထပ်တိုက်၏ မြေညီထပ်အခန်းများဖြစ်သော အခန်းအမှတ်(C)နှင့် အခန်းအမှတ်(D)၊ အကျယ်(၂၄ပေ× ၅၈ပေ)၊ ၁၃၉၂ စတုရန်းပေစီရှိ အခန်းနှစ်ခန်းအား တာဝန်ယူဆောက်လုပ်သည့် ကုမ္ပဏီမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသာဖြိုးဉာဏ်
အထက်တန်းရှေ့နေ (စဉ်-၂၅၈၁၀)

ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁/၀၅)

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
သတ္တမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ သတ္တမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပဉ္စမနှစ် ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပဉ္စမနှစ် ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့နှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပဉ္စမနှစ် ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများ၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ၂၀၁၂ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ပဉ္စမနှစ် အင်ဂျင်နီယာဘွဲ့စာမေးပွဲများနှင့် ဘွဲ့လွန်ဒီပလိုမာ (အချိန်ပြည့်၊ အချိန်ပိုင်း) စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ **ကျင်းပမည့်ရက်** - ၂-၂-၂၀၁၃ရက် (စနေနေ့)
ကျင်းပမည့်နေရာ - ဘွဲ့နှင်းသဘင်ခန်းမ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
ကျင်းပမည့်အချိန် - နံနက် ၈:၀၀ နာရီ
အစမ်းလေ့ကျင့်မည့်ရက် - ၁-၂-၂၀၁၃ရက် (သောကြာနေ့)
အစမ်းလေ့ကျင့်မည့်အချိန် - နံနက် ၈:၀၀ နာရီ

၃။ ဘွဲ့လျှောက်လွှာပုံစံများကို နှစ်လအတွင်း ရိုက်ကူးထားသော ၂လက်မ×၁½လက်မအရွယ် ဓာတ်ပုံသုံးပုံနှင့် မှတ်ပုံတင်မိတ္တူတစ်စုံ ပူးတွဲ၍ ၁၁-၁-၂၀၁၃ရက် နောက်ဆုံးထားပြီး ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ဝယ်ယူဖြည့်စွက် လျှောက်ထားနိုင်ပါသည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ပေးသွင်းရပါမည်။

၅။ ဘွဲ့ဝတ်စုံထောက်ခံစာများကို ၂၈-၁-၂၀၁၃ရက်၊ ၃၁-၁-၂၀၁၃ရက်မှစ၍ ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့တက်ရောက်ယူမည့်အမျိုးသားများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံအပြည့်(ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်)နှင့် အမျိုးသမီးများသည် မြန်မာ့ယဉ်ကျေးမှုနှင့်ကိုက်ညီသော မြန်မာ့ထဘီ၊ အင်္ကျီနှင့် တိုင်းရင်းသားဝတ်စုံကိုသာ ဝတ်ဆင်ခွင့်ပြုမည်။

၇။ အသေးစိတ်အချက်အလက်များကို ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန ဖုန်း-၀၅၆-၂၂၁၇၉ တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မှူးမှူးဝင်းရှိန်
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်နေ
ဒုအရာခံဗိုလ်ကျော်မြင့်(ငြိမ်း)-ဒေါ်သိန်းကြည်တို့၏ သားထွေး

မောင်မင်းမင်းစိုး

B.A(Phi;), Diploma in Tourism Studies & Management,
(Auditor, Ayer Shwe Wah Group of Companies)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ
ဦးဝင်းမြင့်(ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အလုပ်သမား အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)
မန်နေဂျင်းဒါရိုက်တာ၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ-ဒေါ်မြင့်မြင့်သန်းတို့၏ သမီးကြီး

မသင်းသင်းအေး

B.Sc(Maths), Diploma in Accounting (UK), MYOB, ACCA(Part-1)
(Auditor, Ayer Shwe Wah Group of Companies)

တို့၏ ၃-၁၂-၂၀၁၂ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးကိုကိုနိုင် (မြို့နယ်တရားသူကြီး၊ မင်္ဂလာဒုံမြို့နယ်တရားရုံး)အားလည်းကောင်း၊ ၃၀-၁၂-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် International Business Centre(IBC) မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းချီးမြှင့်ပေးပါသော အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ကြည်ကြည်စန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဧရာရွှေဝါကုမ္ပဏီများအုပ်စုမှ ဒါရိုက်တာများ၊ မန်နေဂျာများနှင့်ဝန်ထမ်းများ၊ နှစ်ဖက်မိဘ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော တေးသံရှင် ဦးကေတုဝင်းထွဋ်၊ မင်္ဂလာအောင်စံပယ်ပန်းကြဲဖြန့်ပေးပါသော မအိသော်သော်ဦး၊ မင်္ဂလာအောင်စံပယ်ပန်ကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မကေကေယဉ်ကျော့၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသောစိုးအောင် B.Sc (Phys;)နှင့်အဖွဲ့၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်နှင်းရီသန့်၊ မင်္ဂလာတေးသံသာများ သီဆိုဖျော်ဖြေပေးကြပါသော စန္ဒယား ဒေါက်တာသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးခြင်းနှင့် မင်္ဂလာစားသောက်ဖွယ်ရာများ တည်ခင်းညှော်ခံပေးသော IBCမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန်များပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှကူညီပေးကြသော မိတ်ဆွေအပေါင်းအသင်းရောင်းရင်းများ၊ နေရာထိုင်ခင်း ပြည့်လျှံသွားသည့်အတွက် မေတ္တာတရားဖြင့်ခွင့်လွှတ်ကာ ချီးမြှင့်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို အထူးပင် လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းမင်းစိုး-မသင်းသင်းအေး

Computer
အိမ်အရောက်သင်ပေးသည်။
MS ACCESS , SQL Server , C++ , C# , VB. Net , PHP , ASP.Net , JAVA (Web Developer)
Ph: 09-5151882

အမည်ဖြည့်စွက်ခေါ်ပါရန်

စစ်တွေမြို့နေ ဦးအောင်ထွန်းသာ၏သား ဦးမောင်မြသန်း ၁၁/စတန(နိုင်)၀၇၆၇၅၁ အား ဦးမောင်မြသန်း(ခ)ဦးအနီမောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

ဦးမောင်မြသန်း(ခ)ဦးအနီမောင်

အမည်ပြောင်းလဲခေါ်ပါရန်

ဦးသန်းဇော်၏သား အမက(၃) စတုတ္ထတန်း(F)မှ အောင်ခန့်မင်းအား ယနေ့မှစ၍ လရောင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

လရောင်လင်း

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ ဦးကျော်နိုင် ၉/ဝတန(နိုင်)၀၀၀၁၈၇၏သား အထက(၁)နဝမတန်း(E)မှ မောင်ရဲမင်းအောင်အား ယနေ့မှစ၍ မောင်ထက်မင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထက်မင်းနိုင်**

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၈၀၈၁၁ ဟွန်ဒါဒရင်း(မ်) C 100 MP ယာဉ်လက်ဝယ်ရှိသူ မြန်မာ့ဆားလုပ်ငန်း၊ မော်လမြိုင်မြို့က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ပဲခူးတိုင်းဒေသကြီး(ပဲခူး)နှင့် ရှမ်းပြည်နယ်(လားရှိုး)တို့မှ စုစုပေါင်းသိုလှောင်ရုံ (၁၁)လုံးတို့အား မြေမပါ ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **ပဲခူးတိုင်းဒေသကြီး (ပဲခူး)**

Lot(1) (၁) (၁၄၀×၅၀×၁၂)ပေ (သွပ်၊ပျဉ်၊ပျဉ်)(ညပ-၁)ညောင်လေးပင်၊ ပိန်းဇလုပ်
(၂) (၁၄၄×၅၀×၁၂)ပေ (သွပ်၊ ပျဉ်၊ ပျဉ်) (ညပ-၂) (ညပ-၃) (ညပ-၄) ညောင်လေးပင်၊ ပိန်းဇလုပ်
(၃) (၈၀×၄၀×၁၂)ပေ (သွပ်၊ ဝါး၊ ဝါး) (ညပ-၂၈) ညောင်လေးပင်၊ တော်ဝိဒေသ

Lot(2) (၄) (၈၀×၄၀×၁၂)ပေ (သွပ်၊ ဝါး၊ ဝါး) (ညပ-၃၀) (ညပ-၃၁) ညောင်လေးပင်၊ ပွဲန်တန်ဆာဒေသ

Lot(3) (၅) (၁၄၄×၅၀×၁၂) (သွပ်၊ ပျဉ်၊ ပျဉ်) (ဒပ-၉) (ဒပ-၁၀) ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးဒေသ

(ခ) **ရှမ်းပြည်နယ်(လားရှိုး)**

Lot(4) (၁) (၄၀×၂၀×၁၂)ပေ(သွပ်၊အုတ်၊ကွန်) (မြ-၁)(မြ-၂)သိန်းနီမြို့နယ်၊ ရပ်ကွက်-၃

(ဂ) **တင်ဒါရောင်းချရမည့်ရက် အချိန်** - ၇-၁-၂၀၁၃ရက်မှ ၁၆-၁-၂၀၁၃ ရက်အထိ ၉:၃၀နာရီမှ ၁၆:၃၀နာရီအထိ

(ဃ) **တင်ဒါစည်းကမ်းချက်ရှင်းလင်းမည့် ရက်/အချိန်** - ၁၇-၁-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ

(င) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၁-၂၀၁၃ရက် မွန်းလွဲ ၁:၀၀နာရီ

(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပဲခူးတိုင်းဒေသကြီးမန်နေဂျာရုံး၊ ပဲခူးမြို့ ရှမ်းပြည်နယ်မန်နေဂျာရုံး၊ လားရှိုးမြို့

(ဆ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit Lot(1) ငွေကျပ် သိန်း ၃၀၀၊ Lot(2) ငွေကျပ် ၇၅သိန်း၊ Lot(3) ငွေကျပ် သိန်း ၂၅၀၊ Lot(4) ငွေကျပ် လေးသိန်းတို့ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်နှင့် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)တို့တွင်(PO)Cheque ဝယ်ယူပေးသွင်းရမည်။

(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ရုံးအမှတ် ၅၂၊ နေပြည်တော်

၂။ အဆိုပါ သိုလှောင်ရုံ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဖုန်း-၀၅၂-၂၁၁၀၈နှင့် ရှမ်းပြည်နယ်၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၃၀၃၉တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်တင်အောင်ထွန်း ၉/ကပတ(နိုင်)၂၅၂၀၉၉၏ ပတ်စပို့နံပါတ် A-၃၉၃၉၃၀မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၂၄၆၈၅**

ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေတံခါးရပ်ကွက် ၂လမ်း၊ အမှတ် ၁၄၃ နေ ကိုဇော်ဝင်း(ခ) ကိုငယ်လေး ၇/ပမန(နိုင်)၀၇၆၂၄၁၏ဇနီး မစန်းစန်းခိုင် ၇/ပမန(နိုင်)၀၇၅၉၇၂သည် ခင်ပွန်းနှင့် မိသားစုများ အရှက်တကွဲအကျိုးနည်းပြီး ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ယခုလဲ မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပြီး ခွင့်မလွှတ်နိုင်သောလုပ်ရပ်များ၊ ကျွန်တော်နှင့်သားသမီးများ အရှက်ရမည့်ကိစ္စများကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကိုဇော်ဝင်း ၇/ပမန(နိုင်)၀၇၆၂၄၁
ပြည်မြို့

ထိုက်ထိုက်တန်တန်
ဖုန်း- 73135444,73106574

ကျိုက်ထီးရိုး (နေ့စဉ်)
OASIS
ချောင်းသာ (နေ့စဉ်)
09 503 8616, 09 5012452, 09 7310 3031

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ ပုလဲလမ်းနေ ဒေါ်ခင်လေး ၅/ကလထ(နိုင်)၀၈၄၇၂၂၏သမီး မမြင့်မြင့်ဌေး ၅/ကလထ(နိုင်) ၁၁၇၂၉၃ သည် မိခင်ကြီး၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ကာ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဒေါ်ခင်လေး(မိသားစု)

Royal ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ ဝန်ခံချတောင်းပန်စာ

အမှတ်(၂၇၆/A)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်တွင် နေထိုင်သူ ၁၂/လမတ(နိုင်)၀၁၁၂၃၅ ကိုင်ဆောင်သူ ဒေါ်မြစိန်မှ Royal P2 တံဆိပ်ဖြင့် (၄)ဆင်ထုတ်ဝေပြီး ဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်ကို ဦးထွန်းစိန် ၁၃/ကခန(နိုင်)၀၄၆၀၄၄ ကိုင်ဆောင်သူမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ်(၄/၅၆၇၂/၂၀၁၀)အရ မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း တွေ့မြင်သိရှိရသည့်အတွက် အဆိုပါ ကုန်အမှတ်တံဆိပ်ကို နောက်နောင်တွင် အသုံးပြုမည်မဟုတ်ကြောင်း ဝန်ခံကတိပြုပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်တွေမြို့၊ ပါဒလိတ်ကျေးရွာနေ ဦးသာစိန်အောင်၏သမီး မခင်နွယ်စိုး ၁၁/စတန(နိုင်)၀၈၈၂၁၀နှင့် မခင်နွေစိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

FAME JavaHerb®
Anti-diabetic
သကြားမကိုင်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
1112 YR 008205

FAME Biogurt®
Probiotic supplement
